ကြေးမုံ

The Mirror

၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လကွယ်၊ စနေနေ့၊ (6-11-2010) (၆၅၇၄)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ✻ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်၏ ပြယုဂ်တစ်ခုအဖြစ် လိန်းလီတံတားသစ်ဖွင့်ပွဲကျင်းပ
နေပြည်တော်-ပင်လောင်းလမ်းပေါ်တွင်တည်ရှိပြီး ယာဉ်တစ်စီးချင်း ၇၅ တန် ခံနိုင်ဝန်ရှိ
ပေ ၁၈၀ အထက် ၂၄၉ ဝင်းမြောက် စီမံကိန်းဝင် တံတားကြီးဖြစ်

နေပြည်တော် နိုဝင်ဘာ ၅

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၉)က တာဝန်ယူတည်ဆောက်ပြီးစီးသွားသည့် နေပြည်တော်-ပင်လောင်းလမ်းရှိ လိန်းလီတံတား ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်ရှိ အဆိုပါတံတားအနီး မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တက်ရောက်ချီးမြှင့်၍ အမှာစကားပြောကြားပြီး ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✽

The Mirror

၆-၁၁-၂၀၁၀
(စနေနေ့)

စိတ်ရင်းစေတနာမှန်သူ လူကောင်းလူတော်ရွေးချယ်

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ခြိမ့်ခြိမ့်သဲ ကျင်းပတော့မည်။ မြန်မာ့သမိုင်းစဉ်တွင် မှတ်တမ်းဝင်မည့် ရွေးကောက်ပွဲကြီးဖြစ်သည်။ ပြည်သူလူထုက အမျိုးသားရေးစိတ်ဓာတ်ဖြင့် ကိုယ်စားလှယ်လောင်းများအား ဆန္ဒမဲပေးရွေးချယ်ကြခြင်းဖြင့် ဒီမိုကရေစီနိုင်ငံသစ်၊ ဒီမိုကရေစီအုပ်ချုပ်ရေးသို့ ပြောင်းလဲရောက်ရှိတော့မည်။

ရွေးကောက်ပွဲတစ်ခုသည် တိုင်းပြည်နှင့် လူမျိုး၏ အနာဂတ်အတွက် အရေးကြီးသည်။ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခြင်းသည် နိုင်ငံသားတစ်ဦး၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်ဖြစ်သည်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသူ၊ နိုင်ငံသားများက မိမိတို့ပိုင်ဆိုင်သော နိုင်ငံသားအခွင့်အရေးကို တန်ဖိုးရှိရှိ အသုံးချပြီး စိတ်ရင်းစေတနာမှန်သူ လူကောင်း လူတော်များကို ရွေးချယ်ကြရပေမည်။

ဒီမိုကရေစီနိုင်ငံအဖြစ် အသွင်ကူးပြောင်း လျှောက်လှမ်းရာတွင် ရွေးကောက်ပွဲကျင်းပ၍ ဆန္ဒမဲပေးရွေးချယ်ခြင်းသည် မဖြစ်မနေဆောင်ရွက်ကြရသည့်လုပ်ငန်းဖြစ်သည်။ ပြည်သူလူထုက မိမိတို့ကိုယ်စား နိုင်ငံ့အရေးအရာကို ဆောင်ရွက်ပေးနိုင်မည့် ကိုယ်စားလှယ်များအား ဆန္ဒမဲပေးရွေးချယ်ခြင်းသည် ဒီမိုကရေစီအခွင့်အလမ်း ရရှိခြင်းဖြစ်သည်။ ဒီမိုကရေစီသည် လူတစ်ဦးချင်းစီ၏ စုပေါင်းအား၊ ပြည်သူများ၏ စုပေါင်းစွမ်းအားဖြင့် ထူထောင်တည်ဆောက်ရသည့် စနစ်မျိုးဖြစ်၍ ပြည်သူအားလုံး ကိုယ်စီလက်တွဲ ပါဝင်ကြရန် တာဝန်ရှိပေသည်။

ယခုကျင်းပမည့် ရွေးကောက်ပွဲကြီးသည် ဒီမိုကရေစီထူထောင်ရေး ခရီးလမ်းကို စတင်လျှောက်လှမ်းခြင်းဖြစ်သည်။ ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းရာတွင် ပြည်သူလူထု၏ ဆန္ဒမဲတစ်ပြားသည် အလွန်အရေးပါလှသည်။ ဒီမိုကရေစီကို အပြောမဟုတ် အမှန်တကယ်လက်တွေ့ကျင့်သုံးနိုင်စေရေး၊ လူမှန်များအား နေရာမှန်ရောက်ရှိစေရေး သုံးသပ်ရှုမြင်ဆင်ခြင်မြော်တွေး ဆန္ဒမဲပေးကြရုံသာရှိသည်။

သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်က လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်ရေး အဘက်ဘက်က စနစ်တကျစီစဉ်ထားသည်။ ပြည်သူများ ကြိုက်နှစ်သက်ရာပါတီနှင့် ကိုယ်စားလှယ်လောင်းများကို လွတ်လပ်စွာ ဆန္ဒမဲပေးရွေးချယ်နိုင်ခွင့်ရှိသည်။ နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများ နည်းလမ်းတကျ ပါဝင်ယှဉ်ပြိုင်ခွင့်၊ မဲဆွယ်စည်းရုံးခွင့်ရရှိနေကြပြီ။ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲတစ်ခု၏ တိုးတက်ဖြစ်ထွန်းနေသော မြင်ကွင်းများဖြစ်သည်။

ကျင်းပတော့မည့် ရွေးကောက်ပွဲကြီးသည် ဒီမိုကရေစီနိုင်ငံ ဖြစ်ထွန်းလာရေးအတွက် ခရီးအစဖြစ်သည်။ မဲဆန္ဒရှင်ပြည်သူတိုင်းက တိုင်းပြည်နှင့် လူမျိုးအကျိုး စွမ်းစွမ်းတမံ ဆောင်ရွက်ပေးနိုင်မည့် စိတ်ရင်းစေတနာမှန် လူကောင်း လူတော် ကိုယ်စားလှယ်လောင်းများကို မဲပေးနိုင်ရေး မဲရုံသို့ အရောက်သွား၍ ဆန္ဒမဲပေး ရွေးချယ်ကြရမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကြည့်ရှုစစ်ဆေး

အောက်တိုဘာ ၂၉ ရက်က အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည် တောင်ဒဂုံစက်မှုဇုန်ရှိ Earth Industrial လျှပ်စစ်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်း-ဖော်ပြပြီး) (သတင်းစဉ်)

ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရအဖွဲ့ အကြီးအကဲဟောင်း မစ္စတာ ပစ်တာ၊ အက်စ်၊ ချာနိုမြာဒင် ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုး

ရန်ကုန် နိုဝင်ဘာ ၅

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းသည် ယနေ့ မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်(၃၈) စကားဝါလမ်းရှိ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးသို့ သွားရောက်၍ ၂၀၁၀ ခုနှစ် နိုဝင်ဘာ ၃ ရက်တွင် ကွယ်လွန်သွားခဲ့သော ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရအဖွဲ့ အကြီးအကဲဟောင်း မစ္စတာ ဗစ်တာ၊ အက်စ်၊ ချာနိုမြာဒင်အတွက် ဖွင့်လှစ်ထားသည့် ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။**(ယာပုံ)** (သတင်းစဉ်)

မိုးစပါးအထွက်နှုန်းမှန်ကန်ရေး စံကွက်ရိတ်သိမ်း

ရန်ကုန် နိုဝင်ဘာ ၅

ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့သည် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်နှင့် ဆိပ်ကမ်းမြို့နယ်အတွင်းရှိ စံပြစက်မှုလယ်ယာစိုက်ပျိုးရေး အထူးဇုန်အတွင်း ဒဂုံအင်တာနေရှင်နယ်ကုမ္ပဏီနှင့် Good Brothers Co.,Ltd. တို့တွင် စိုက်ပျိုးထားသော မိုးစပါးများ အနက် ကိုယ်စားပြုအကွက်အား သက်ဆိုင်ရာအာဏာပိုင်၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနနှင့် ကုမ္ပဏီတာဝန်ခံများ လိုက်ပါလျက် စံကွက်ရိတ်သိမ်းခြင်းကို နိုဝင်ဘာ ၃ ရက်တွင် ဆောင်ရွက်ခဲ့ကြသည်။

စံကွက်ရိတ်သိမ်းမှုအရ ရတနာတိုးစပါး ၈၂ ဒသမ ၃၉ တင်း(အစို)၊ ဆင်းသွယ်လတ်စပါး ၇၃ ဒသမ ၄၁ တင်း (အစို) ထွက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဦးကျင်ထွန်းက ကုမ္ပဏီတာဝန်ခံများအား ရှင်းလင်းပြသကြောင်း သိရှိရသည်။

(ကြေးမုံ)

ပုဂံညောင်ဦးမြို့နယ်အသင်း သက်ကြီးပူဇော်မည်

ရန်ကုန် နိုဝင်ဘာ ၅

ပုဂံညောင်ဦးမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို နိုဝင်ဘာ ၂၈ ရက် မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ မှန်ကျောင်းဓမ္မသုခကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ နာယက ဦးဘစော ဖုန်း-၂၀၁၄၆၈၊ ဥက္ကဋ္ဌ ဦးသိန်းအောင် ဖုန်း-၅၇၇၇၀၂၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်သန်း ဖုန်း-၅၄၉၉၄၈၊ ဒုတိယဥက္ကဋ္ဌ ဦးသောင်းညွန့် ဖုန်း-၅၅၂၄၈၉၊ အတွင်းရေးမှူး ဗိုလ်ကြီးထွန်းအောင်ရှိန် (ငြိမ်း) ဖုန်း-၅၅၆၄၇၂၊ ၀၉-၅၀၈၅၃၆၀၊ တွဲဖက်အတွင်းရေးမှူး(၁) ဦးပေါ်များ ဖုန်း-၇၃၀၇၁၅၂၅၊ တွဲဖက်အတွင်းရေးမှူး(၂) ဦးဖိုးချို ဖုန်း-၅၄၅၃၂၃၊ တွဲဖက်အတွင်းရေးမှူး(၃) ဦးကြည်မြင့် ဖုန်း-၂၉၉၇၄၈ နှင့် နီးစပ်ရာအမှုဆောင်များထံ နိုဝင်ဘာ ၁၃ ရက် နောက်ဆုံးထား၍ စာရင်းပေးပို့နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆-၁၁-၂၀၁၀ (စနေနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်+ဗောဇ္ဈင်္ဂသုတ်+ပုဗ္ဗဏှသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"ဘုံဆိုင်နှင့် ကိုယ်ပိုင် ခန္ဓာဉာဏ်ရောက်ဒိဋ္ဌိဖြုတ်' တရားတော် (မုံလယ်တောရဆရာတော် ဘဒ္ဒန္တသံဝရ)
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၆၆)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၃၃)**
၈း၅၀	Memories of the 1980's Music Concert (Part-6)
၉း၂၅	Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၉း၅၀	Activities In The City [အထက(၂) လသာ ၂၀၀၉-၂၀၁၀ တက္ကသိုလ်ဝင်တန်းအောင် ဂုဏ်ထူးရကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ]
၁၀း၀၅	အသည်းရောဂါများအကြောင်း
၁၀း၂၅	သွားမယ်စားမယ် (Padonmar Restaurant)
၁၀း၅၅	MNL Preview
၁၁း၂၅	ပညာရည်ချွန်ဆုပေးပွဲ [ကျောက်ဆည်အသင်း(ရန်ကုန်)]
၁၁း၄၀	ပန်းချီပြခန်း (Story 1 ပန်းချီပြပွဲ)
၁၁း၅၀	အမျိုးသားနှင့်ပတ်သက်သော အကြော၊ အဆစ်ရောဂါ အကြောင်းသိကောင်းစရာ (အပိုင်း-၁) (ဒေါက်တာပန်ဒိုရာအောင်ကြီး၊ နေတိုး၊ ထွန်းထွန်း၊ မိုးမိုး၊ ကျော်ကျော်ဗို)
၁၂း၁၀	သူတို့ပြောတဲ့သူတို့အကြောင်း (ကျော်ကျော်ဗိုနှင့်တွေ့ဆုံခြင်း) (အပိုင်း-၂)
၁၂း၄၀	Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ အေဝမ်းကြည်အေး) (အပိုင်း-၃)
၁း၀၀	"ဘုံဆိုင်နှင့် ကိုယ်ပိုင် ခန္ဓာဉာဏ်ရောက်ဒိဋ္ဌိဖြုတ်' တရားတော် (မုံလယ်တောရဆရာတော် ဘဒ္ဒန္တသံဝရ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	သူတို့ဘဝ သူတို့ဟာသ (ဦးဆိုနီ)
၂း၄၅	ဖက်ရှင်လမ်းညွှန် (Julia Skin Care & VOV Cosmetics)
၃း၁၅	နတ်စင်တစ်ရာကျောင်းမှ ဘောဂဝတီ တန်ဆောင်းတော်နှင့် ပလ္လင်တော်များ အလှူတော်
၃း၂၀	Kid's Show
၄း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၃၃)**
၄း၅၅	တူယှဉ်တွဲ၍ လှူသော လက်အစုံသည် မြတ်သော နိဗ္ဗာန်ဆီသို့ရှည်
၅း၁၀	Sports Diary
၅း၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀	MRTV-4 သတင်း
၆း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၆၇)**
၇း၀၀	ဘယ်လိုမဲပေးကြမှာလဲ (မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးဝင်များ)
၇း၀၅	Memories of the 1980's Music Concert (Part-7)
၇း၅၀	ဇရာ
၈း၀၀	MRTV-4 သတင်း
၈း၃၀	ဒီမိုမွေးနေ့ (မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးဝင်များ)
၉း၂၅	Barclays Premier League (Fulham Vs Aston Villa)
၁၁း၂၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၃၄)**
၁၂း၁၅	VJ Choice
၁၂း၄၀	မောမြေရဲ့ အမောပြေ (ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင်)
၁၂း၄၅	အောင်မြေဗဟိုရ်ပြည်ရွှေဘိုမှ မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲ
၁း၁၀	ဟိုတယ်လမ်းညွှန် (Nature Land Hotel)
၁း၅၀	ရင်သွေးအတွက် သတိတစ်ချက် (ညောင်ညောင်၊ မေသဥ္ဇာဦး၊ ဆုရွှန်းလဲ့၊ ခေတ်ရှုပါဦး) (ဒါရိုက်တာ ဆွေဇင်ထိုက်)
၂း၀၀	Talent Show (နန်းတွင်းယိမ်းအကနှင့် (ဆီမီးခွက်အက)
၂း၁၅	ဆေးဖက်ဝင် သစ်ခွ၏ အသုံးဝင်မှုများထဲမှ
၂း၂၅	World of Knowledge (Flight of the Elephant)
၃း၁၅	ပုဂံအိမ်ထဲက ထည်ဝါမှုပြယုဂ်
၃း၂၅	တိရစ္ဆာန်လေးတွေ မွေးကြမယ် (Pluto Pet Shop)
၃း၅၀	နုယဉ်ဆန်းထွင်ပန်းအလှဆင် (လက်ဆောင်ပန်းစည်း ထုပ်ပိုးနည်း)
၄း၁၅	သာသနာတော်ထွန်းကား အလှတရားဖြာဝေ ထားဝယ်မြေ
၄း၄၀	အဓိဋ္ဌာန်ပြုကာ ဆုခြွေမည် ဦးရာဇ်တော်စေတီ
၅း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၁၀	Bolton - Tottenham	ESPN (Live)
၉း၂၅	Man U- Wolverhampton	ESPN (Live)
	Fulham -Aston Villa	STAR SPORTS(Live)
၁၁း၅၅	Blackburn - Wigan	ESPN (SDD)

***ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

FA Cup ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၁း၅၅	Cambridge - Hudders Field Town	STAR SPORTS(Live)

ယခင်က နေပြည်တော်မှ ပင်လောင်းသို့ မော်တော်ကားဖြင့်သွားမည်ဆိုလျှင် မိတ္ထီလာ-အောင်ပန်းမှတစ်ဆင့် ကွေ့ဝိုက်သွားခဲ့ရသော်လည်း ယခု တိုက်ရိုက်သွားလာနိုင်

❀ရွှေဖုံးမှ

အဆိုပါ တံတားဖွင့်ပွဲအခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဆန်းဦး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တံတားကြီးကို တာဝန်ယူတည်ဆောက်ခဲ့ကြသည့် အင်ဂျင်နီယာများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့၊ မင်္ဂလာစည်တော်အဖွဲ့နှင့် တိုင်းရင်းသား ရိုးရာအကအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာတွင် ပေါင်းလောင်းချောင်းကို ဖြတ်ကျော်ကူးသန်း ဖောက်လုပ်ထားသည့် ဤတံတားသစ်ကြီးနေရာ၌ ယခင်က ၁၃ တန်သာ ခံနိုင်ဝန်ရှိသော တစ်လမ်းသွား ဘေလီတံတားဟောင်းကြီး ရှိခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ မိုးသည်းထန်သည့်အချိန်များဆိုလျှင် ယင်းဘေလီတံတားဟောင်းကြီးသည် ရေလွှမ်းမိုးနစ်မြုပ်မှုများ မကြာခဏ ကြုံတွေ့ခဲ့ရသကဲ့သို့ တစ်လမ်းသွား တံတားဖြစ်သည့်အတွက် ယာဉ်တစ်စီးပြီးမှတစ်စီး ဖြတ်သန်းသွားလာနိုင်ခဲ့မှုအတွက် သွားရေးလာရေး နှောင့်နှေးကြန့်ကြာခဲ့ရသည်များကို ဒေသခံမိဘပြည်သူများ အသိဆုံးပင်ဖြစ်ကြောင်း။

နေပြည်တော် - ပင်လောင်းလမ်းကို ပိုမိုကောင်းမွန် ချောမွေ့လာအောင် အဆင့်မြှင့်တင်လျက်ရှိရာတွင် တစ်ဆက်တစ်စပ်တည်းမှာပင် လိန်းလီတံတားကြီးကို ယာဉ်တစ်စီးချင်း ၇၅ တန် ခံနိုင်ဝန်ရှိသည့် တံတားအသစ်ကြီး တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ယခင်က နေပြည်တော်မှ ပင်လောင်းသို့ မော်တော်ကားဖြင့် သွားလာမည်ဆိုလျှင် မိတ္ထီလာ-အောင်ပန်းမှတစ်ဆင့် ကွေ့ဝိုက်သွားခဲ့ရသော်လည်း ယခုဆိုလျှင် နေပြည်တော်မှ ပင်လောင်းသို့ တိုက်ရိုက်သွားလာနိုင်ပြီဖြစ်သည့်အတွက် ရေကြောမြေကြော ပိုမိုနီးကပ်လာသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ယင်းတံတားကြီး ပြီးစီးသွားပြီဖြစ်သည့်အတွက် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ကယားပြည်နယ်နှင့် နေပြည်တော်တို့အကြား ရာသီမရွေး အလွယ်တကူ ဆက်သွယ် သွားလာနိုင်ကြတော့မည်ဖြစ်သည့်အပြင် ရန်ကုန်-မန္တလေး မော်တော်ကားလမ်းမကြီးမှတစ်ဆင့် အနယ်နယ်အရပ်ရပ်သို့ အလွယ်တကူ ဆက်သွယ်သွားလာနိုင်ကြတော့မည်ဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်မှု ကောင်းမွန်သည့် ဒေသတစ်ခု၊ နယ်မြေတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အခြေခံကျသည့် လိုအပ်ချက်ဖြစ်ကြောင်း၊ အလားတူ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို ထူထောင်တည်ဆောက်ရာတွင် မရှိမဖြစ် အခြေခံအဆောက်အအုံများလည်း ဖြစ်နေကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရအနေဖြင့် ယခုအခါတွင် တစ်နိုင်ငံလုံး အရှေ့-အနောက်-တောင်-မြောက် အလွယ်တကူ ဆက်သွယ်သွားလာနိုင်ရန်အတွက် မီးရထားလမ်းကွန်ရက်များနှင့် မော်တော်ကားလမ်းကွန်ရက်များကို ဖောက်လုပ်ပေးနေခြင်းဖြစ်ကြောင်း။

မော်တော်ကားလမ်းနှင့် မီးရထားလမ်းများ ကွန်ရက်သဖွယ် ဆက်သွယ်ဖောက်လုပ်ပေးလျက်ရှိရာတွင် တစ်ဆက်တည်းမှာပင် မြစ်ကူး၊ ချောင်းကူးတံတားကြီးများကိုလည်း တစ်ခုပြီးတစ်ခု အရှိန်အဟုန်မြှင့်တင် တည်ဆောက်ပေးလျက်ရှိကြောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်းကို ပြန်ကြည့်လျှင် ယင်းလိန်းလီတံတားကြီးသည် နိုင်ငံတော်မှ တည်ဆောက်ပေးခဲ့သော ခြောက်စင်းမြောက် ပေ ၁၈၀ အထက် စီမံကိန်းဝင်တံတားကြီးတစ်စင်းဖြစ်ကြောင်း၊ တံတားအရှည် ပေ ၁၇၆၀ ရှိသော ယခုတံတားကြီးသည် စီမံကိန်းဝင် တံတားကြီးတစ်စင်းဖြစ်သည့်အပြင် ယခင်က တံတားဟောင်းနေရာ၌ အသစ်အစားထိုး တိုးတက်ပြောင်းလဲလာသော တံတားသစ်ကြီးတစ်စင်းဖြစ်သည့်အတွက် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်၏ ပြယုဂ်တစ်ခုအနေဖြင့်လည်း တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ ယခုတံတားကြီး ဖွင့်လှစ်လိုက်သည့်အတွက် ယာဉ်များ လွယ်ကူချောမွေ့လျင်မြန်စွာ ဖြတ်သန်းသွားလာနိုင်တော့မည် ဖြစ်သကဲ့သို့ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် နယ်စပ်ဒေသအသီးသီးသို့ ကုန်စည်များ လျင်မြန်စွာ အချိန်မီ ပို့ဆောင်ပေးနိုင်တော့မည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် တံတားဟောင်းများနေရာ၌ အဆင့်အတန်း ပိုမိုမြင့်မားသည့် ယခုကဲ့သို့ တံတားသစ်ကြီးများကို အစားထိုး တည်ဆောက်ခဲ့ရပြီး မြစ်များ၊ ချောင်းများ တားဆီးကန့်သတ်ထားမှုများကြောင့် ဒေသတစ်ခုနှင့်တစ်ခု အလှမ်းဝေးကွာခဲ့သော နေရာဒေသများ၌ မြစ်ကူး၊ ချောင်းကူး တံတားသစ်ကြီးများကိုလည်း တစ်စင်းပြီးတစ်စင်း တည်ဆောက်ဖွင့်လှစ်ပေးခဲ့ရာ ယခုဆိုလျှင် ပြည်ထောင်စုတစ်ဝန်းလုံး၌ မြစ်ကူး၊ ချောင်းကူး ပေ ၁၈၀ အထက် တံတားပေါင်း ၂၄၉ စင်း ရှိနေပြီဖြစ်ကြောင်း။

တစ်ပြိုင်တည်း

ယခင်က ဧရာဝတီမြစ်ကူးတံတားအဖြစ် အင်းဝတံတားတစ်စင်းသာရှိခဲ့ရာမှ ယခုဆိုလျှင် ဧရာဝတီမြစ်ကူးတံတားသစ်ကြီး ရှစ်စင်း တည်ဆောက်ပြီးစီးခဲ့ပြီး စင်းခန်းတံတား၊ ပခုက္ကူတံတား၊ မလွန်တံတား၊ ညောင်တုန်းတံတားနှင့် ရတနာသိယ်တံတား စသည့် ဧရာဝတီမြစ်ကူးတံတားကြီးငါးစင်းကိုလည်း တစ်ပြိုင်တည်း အကောင်အထည်ဖော် တည်ဆောက်လျက်ရှိနေကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် လိန်းလီတံတားဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရာသီမရွေးသွားလာနိုင်

တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ကြသော ပြည်ထောင်စု တိုင်းရင်းသား ညီအစ်ကို မောင်နှမများအနေဖြင့်လည်း မြစ်ခြား၊ ချောင်းခြားနေသည့်အတွက် တစ်သီးတခြားစီ ဖြစ်နေခဲ့ကြရာမှ ယခုဆိုလျှင် အချိန်မရွေး၊ ရာသီမရွေး ဆက်သွယ်သွားလာနိုင်ကြပြီး မြစ်များ၊ ချောင်းများသည်လည်း အတားအဆီး အကန့်အသတ်မဟုတ်တော့သည်ကို တွေ့ရှိကြရမည်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ချောမွေ့လျင်မြန်လာသည်နှင့်အမျှ ဒေသတစ်ခုနှင့်တစ်ခု ကွာဟချက်များသည်လည်း လျော့နည်းကျဆင်းလာသကဲ့သို့ ပြည်သူများ၏ တစ်ဦးချင်းဝင်ငွေနှင့် လူမှုစီးပွားဘဝများသည်လည်း တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း၊ မြစ်ခြား၊ ချောင်းခြား၍ အလှမ်းကွာဝေးကာ အထိအတွေ့ အဆက်အဆံ နည်းပါးခဲ့ရာမှ ရာသီမရွေး၊ အချိန်မရွေး ကူးလူးဆက်သွယ်ဆက်ဆံမှုများ လွယ်ကူလာသည်နှင့်အမျှ တိုင်းရင်းသား စည်းလုံးညီညွတ်မှုသည်လည်း ပိုမို သွေးစည်းညီညွတ် ခိုင်မာလာသည်ကို တွေ့ရှိကြရမည် ဖြစ်ကြောင်း။

အဓိကလိုအပ်ချက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရအနေဖြင့် နိုင်ငံတော်တည်ဆောက်ရေး တာဝန်ကို ရယူချိန်ကစတင်ပြီး ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ဦးစားပေးဆောင်ရွက်ခဲ့ရခြင်း ဖြစ်ကြောင်း၊ တစ်ချိန်တည်းမှာပင် တိုင်းရင်းသားပြည်သူများ၏လူမှုစီးပွားရေး

၁၀ **စာမျက်နှာ ၄ ကော်လံ ၁ သို့** ❖

တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ကြသော ပြည်ထောင်စု တိုင်းရင်းသားညီအစ်ကို မောင်နှမများအနေဖြင့်လည်း မြစ်ခြား၊ ချောင်းခြားနေသည့်အတွက် တစ်သီးတခြားစီဖြစ်နေခဲ့ကြရာမှ ယခုဆိုလျှင် အချိန်မရွေး၊ ရာသီမရွေး ဆက်သွယ်သွားလာနိုင်ကြပြီး မြစ်များ၊ ချောင်းများသည်လည်း အတားအဆီး အကန့်အသတ် မဟုတ်တော့သည်ကို တွေ့ရှိကြရမည်ဖြစ်။

တိုင်းမှူး ဗိုလ်မှူးချုပ်ဆန်းဦး၊ ဝန်ကြီး ဦးတင်နိုင်သိန်း၊ ဝန်ကြီး ဦးခင်မောင်မြင့်နှင့် ဝန်ကြီး ဦးမောင်ဦးတို့ လိန်းလီတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ဖွံ့ဖြိုးတိုးတက်မှု သရုပ်သကန်များကို ကိန်းဂဏန်းအရသာမကဘဲ လက်တွေ့မြင်ကွင်းအရပါ အထင်အရှားပြသဖော်ဆောင် မြင်တွေ့နေကြရ

❖ စာမျက်နှာ ၃ မှ

တိုးတက်မြင့်မားရေးအတွက် အခြေခံလိုအပ်ချက်လည်းဖြစ်၊ တိုင်းရင်းသား ပြည်သူများ အချင်းချင်း ကူးလူးဆက်သွယ်သွားလာနိုင်သည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးဆိုင်ရာ အဆောက်အအုံလည်းဖြစ်၊ ခေတ်မီစက်မှုနိုင်ငံတော်အဖြစ် ကူးပြောင်းတက်လှမ်းရာတွင် အဓိက လိုအပ်ချက်လည်းဖြစ်သော လမ်းပန်းဆက်သွယ်ရေးကဏ္ဍကို အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေအောင် ဆောင်ရွက်ခဲ့ရခြင်း ဖြစ်ကြောင်း။

ကွက်လပ်မကျန်

ယင်းကဲ့သို့ ဆောင်ရွက်ရာတွင် အမျိုးသား သယ်ယူပို့ဆောင်ရေး လမ်းကွန်ရက်များအဖြစ်မှ အမျိုးသားစီးပွားရေး စင်္ကြံများအဖြစ်သို့ တိုးတက်ပြောင်းလဲ ဖော်ဆောင်နိုင်အောင် ထက်အောက်၊ ဝဲ၊ ယာ ကွက်လပ်မကျန် ကွန်ရက်သဖွယ် ချိတ်ဆက်သွားလာနိုင်ရန်အတွက် မော်တော်ကားလမ်းများ၊ မီးရထားလမ်းများ၊ လေကြောင်းလမ်းများ၊ ရေကြောင်းလမ်းများ၊ တယ်လီဖုန်း ဆက်သွယ်ရေးများကို အလွယ်တကူ ဆက်သွယ်နိုင်အောင် ရေတို ရေရှည်စီမံကိန်းများဖြင့် ဘဏ္ဍာငွေ အမြောက်အမြား အကုန်အကျခံကာ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ပြည်သူလူထုတစ်ရပ်လုံးနှင့် နိုင်ငံတော်အတွက် အခြေခံလိုအပ်ချက်ဖြစ်သော လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ခဲ့သည့်အတွက် ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံ မြောက်ဖျားရှိ ပူတာအိုမှ တောင်ဖျားရှိ ကော့သောင်းမြို့သို့ လည်းကောင်း၊ မြန်မာနိုင်ငံ အရှေ့ဖျား မူဆယ်၊ လားရှိုး၊ ကျိုင်းတုံမြို့များမှ အနောက်ဖျား စစ်တွေမြို့အထိလည်းကောင်း ရာသီမရွေး မော်တော်ကားဖြင့် သွားလာနိုင်ကြပြီဖြစ်ကြောင်း။

ခေတ်နောက်ကျခဲ့ရသည့် နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် အဆင့်မြှင့်တင်တိုးချဲ့ပြောင်းလဲပေးခဲ့ရာမှာ ဤတံတားကြီးသည် ပြည်ထောင်စုတစ်ဝန်း ဖွံ့ဖြိုးတိုးတက်မှုများထဲက သက်သေသာဓကတစ်ခုအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှု နမူနာများစွာထဲက တစ်ခုအနေဖြင့် တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ အလားတူ အတိတ်က မြင်ကွင်းများနှင့် မျက်မှောက်ခေတ် တိုးတက်ပြောင်းလဲလာမှု မြင်ကွင်းများသည် နယ်စပ်ဒေသများ၌ရော၊ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးတွင်ပါ သာလွန်မြင့်မားမှုပေါင်းများစွာဖြင့် ဖွံ့ဖြိုးတိုးတက်မှု သရုပ်သကန်များကို ကိန်းဂဏန်းအရ သာမကဘဲ လက်တွေ့မြင်ကွင်းအရပါ အထင်အရှားပြသ ဖော်ဆောင် မြင်တွေ့နေကြရပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း နိုင်ငံတော်တည်ဆောက်ရေး သမိုင်းကြောင်း အစဉ်အဆက်ကို ပြန်ကြည့်မည်ဆိုလျှင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်၌ မည်သည့်ခေတ်၊ မည်သည့်ကာလနှင့်မှ မတူသည့် အခြေအနေကောင်းများကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

စနစ်တကျထူထောင်

တိုင်းရင်းသားပြည်သူအများ လိုလားတောင့်တနေသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီ အရောက်လှမ်းနိုင်ရန် အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာပြီး စဉ်ဆက်မပြတ် ရှင်သန်နိုင်ရန်၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ အဆင့်အတန်းများ မြင့်မားလာစေရန်၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ဦးတည်ချက်(၁၂)ရပ်ကို ချမှတ်ပြီး ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင်လည်း ဒေသတစ်ခုနှင့်တစ်ခု စီးပွားရေးစွမ်းအား၊ သယံဇာတ ကြွယ်ဝမှု စွမ်းအား၊ ကုန်ထုတ်လုပ်မှု စွမ်းအား၊ လူမှုဘဝအခြေအနေ စသော အခြေခံတည်ရှိမှုအပေါ်၌ မူတည်ပြီး တိုးတက်မှု အရှိန်အဟုန်ချင်း မတူညီခဲ့သည့်အတွက် ဒေသတစ်ခုတည်း၊ ကဏ္ဍတစ်ခုတည်းကိုသာ အလေးမပေးဘဲ ဆက်စပ်နှီးနွှယ်နေသော ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး ပြည်နယ်၊ တိုင်းဒေသကြီးအားလုံး တစ်ချိန်တည်း တစ်ပြိုင်တည်း ညီညွတ်မျှတစွာ ဟန်ချက်ညီညီ အပြိုင်အဆိုင် တိုးတက်ဖွံ့ဖြိုးလာအောင်၊ ဆူကြုံနိမ့်မြင့် ကွာဟချက်များ နည်းပါးလာအောင် စနစ်တကျ ထူထောင်တည်ဆောက်ပေးခဲ့ရခြင်း ဖြစ်ကြောင်း၊ နိုင်ငံတော်တည်ဆောက်ရေး တာဝန်ဆိုသည်မှာ ပကတိအခြေအနေမှန်ပေါ်အခြေခံပြီး လက်တွေ့ကျသည့် ရလဒ်ကောင်းများ ထွက်ပေါ်လာအောင်၊ ထင်သာမြင်သာရှိသော တိုးတက်မှုများ ဖော်ဆောင်နိုင်အောင် အရှိန်အဟုန်ဖြင့် တစိုက်မတ်မတ် အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းမျိုး ဖြစ်ကြောင်း။

တင့်တင့်တယ်တယ်ပေါ်ထွက်

ယင်းကဲ့သို့ ကဏ္ဍစုံ၊ ဘက်ပေါင်းစုံ အကြားအလပ်မကျန် နိုင်ငံတော် တည်ဆောက်ရေးတာဝန်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့၍လည်း နယ်စပ်ဒေသများပါမကျန် ပြည်ထောင်စုနယ်မြေဒေသအားလုံး၌ လမ်းမကြီးများ၊ တံတားကြီးများ၊ ရထားလမ်းကြီးများ၊ ကျန်းမာရေး စောင့်ရှောက်မှုအတွက် ဆေးရုံကြီးများ၊ လူ့စွမ်းအားအရင်းအမြစ် အခြေခံအဆောက်အအုံများ တင့်တင့်တယ်တယ် ပေါ်ထွက်လာခဲ့ခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့ နိုင်ငံသည် သဘာဝတရားက ဖန်တီးပေးထားသည့် သဘာဝသယံဇာတ အရင်းအမြစ်ပေါများကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ လယ်ယာစိုက်ပျိုးရေးကို အခြေခံဆောင်ရွက်ခဲ့သည့်အတွက် စားနပ်ရိက္ခာ ဖူလုံရုံသာမက ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေးကိုပါ တစ်ဖက်တစ်လမ်းက အထောက်အကူပြုနေသော နိုင်ငံလည်းဖြစ်ကြောင်း၊ ယနေ့ ဤအချိန်တွင် ရရှိထားသော လယ်ယာစိုက်ပျိုးရေး အခြေ

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❍

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် လိန်းလီတံတား ကမ္ဗည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

သံမဏိသံပေါင်ကြိုးတံတား အမျိုးအစားဖြစ်သည့် လိန်းလီတံတားကို တွေ့ရစဉ်။ (သတင်းစဉ်)

❍ စာမျက်နှာ ၄ မှ

အနေကောင်းများကို အရှိန်အဟုန် မပျက် ဆက်လက် ဆောင်ရွက်ရင်း အခြေခံကောင်းများ တည်ဆောက်ထားပြီးဖြစ်သည့် အခြေခံအဆောက်အအုံများကို ဆက်လက် တိုးတက်ဆောင်ရွက်ရင်း ခေတ်မီဖွံ့ဖြိုးတိုးတက်သော စက်မှုနိုင်ငံတော် ဖြစ်ထွန်းပေါ်ပေါက်လာရေးကို ဦးတည်ဆောင်ရွက်သွားရမည့် အချိန်ကျရောက်နေပြီဖြစ်ကြောင်း။

ထို့ကြောင့် အနာဂတ် နိုင်ငံတော်သစ်ကြီး နိုင်ငံတကာအလယ်၌ ဂုဏ်သိက္ခာရှိရှိ အရှည်တည်တံ့ခိုင်မြဲရန်အတွက် မျိုးဆက်သစ်များထံ ပခုံးပြောင်းတာဝန်ပေးအပ်ချိန်တွင် စိတ်အေးချမ်းသာစွာ ထမ်းဆောင်နိုင်ရန် အခြေခံကောင်းများ ဖန်တီးပေးထားပြီဖြစ်၍ ဒေသအလိုက် စီးပွားရေးစွမ်းအား ခိုင်မာရေး၊ နိုင်ငံတော်၏ အမျိုးသား အကျိုးစီးပွားတိုးတက်ရေးတို့အတွက် စက်မှုနည်းပညာကို အခြေခံပြီး စက်မှုလက်မှု၊ သိပ္ပံနှင့် နည်းပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နေသော အမျိုးသားရေးစွမ်းအားကို ပိုင်ဆိုင်ရရှိနိုင်အောင် ရှေ့သို့ဆက်လက်ပြီး အလေးအနက်ထား ဆောင်ရွက်သွားကြရန် အရေးကြီးကြောင်းကို တိုက်တွန်းပြောကြားလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တနေသော စည်းကမ်းပြည့်ဝပြီး စစ်မှန်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာရေး ရည်မှန်းချက်ကို ဖော်ဆောင်နိုင်ရန်အတွက် စနစ်ဟောင်းတစ်ခုကနေ စနစ်သစ်တစ်ခုသို့ အေးချမ်းတည်ငြိမ်စွာ ကူးပြောင်းနိုင်ရေးအတွက် မူဝါဒလမ်းစဉ်(၇)ရပ်ကို ခိုင်ခိုင်မာမာ ချမှတ်ဆောင်ရွက်လာခဲ့ရာတွင် ပဉ္စမအဆင့်ဖြစ်သော ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကြီးကို နိုဝင်ဘာလ (၇) ရက်နေ့တွင် ကျင်းပတော့မည်ဖြစ်ကြောင်း။

ဦးထမ်းပဲ့ထမ်းကြိုးပမ်း

ဤရွေးကောက်ပွဲကြီးသည် မိမိတို့နိုင်ငံသားအားလုံး၏ ဂုဏ်သိက္ခာ၊ မိမိတို့နိုင်ငံတော်ကြီး၏ ဂုဏ်သိက္ခာနှင့် ဆက်စပ်လျက်ရှိနေခြင်းဖြစ်သည့်အတွက် ရွေးကောက်ပွဲကြီးအောင်မြင်ရေးသည် နိုင်ငံသားအားလုံး၏ တာဝန်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်နှင့် နိုင်ငံသားအားလုံး၏ ဂုဏ်သိက္ခာမညှိုးနွမ်းမထိခိုက်ရအောင် ကျရာအခန်းကဏ္ဍအသီးသီးကနေ ဦးထမ်းပဲ့ထမ်း ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်းကို အလေးအနက်ထား တိုက်တွန်းပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ခေတ်နောက်ကျခဲ့ရာမှ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဖြစ်သို့ ပြောင်းလဲဖော်ဆောင်ရာတွင် လက်တွေ့မြင်ကွင်း တစ်ရပ်ဖြစ်သော ဤတံတားကြီး ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်သွားကြပါ။ ဤတံတားကြီးကို အကျိုးရှိရှိ အသုံးချကာ မိမိတို့၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးအတွက် အလုပ်ကို ကြိုးစားလုပ်ကိုင်သွားကြပါ။ သမိုင်းဝင် အမျိုးသားရေးဂုဏ်သိက္ခာကို မြှင့်တင်ထိန်းသိမ်းနိုင်ရန်အတွက် အချိန်နီးကပ်နေပြီဖြစ်သော ရွေးကောက်ပွဲကြီး အောင်မြင်အောင် တက်ညီလက်ညီ ကြိုးပမ်း ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် လိုင်းလီတံတားဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ယင်းနောက် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်ဆန်းဦးက အမှာစကားပြောကြားရာတွင် ရှမ်းပြည်နယ် (တောင်ပိုင်း)သည် စပါး၊ အာလူး၊ ကြက်သွန်၊ ကော်ဖီ၊ လက်ဖက်၊ လိမ္မော်စသည့် စိုက်ပျိုးရေးသီးနှံများ ဖြစ်ထွန်းအောင်မြင်ပြီး နိုင်ငံတော်၏ အမျိုးသားစီးပွားရေးကဏ္ဍတွင် အရေးပါသော ပြည်နယ်တစ်ခုဖြစ်ကြောင်း။

လမ်းညွှန်မိန့်ကြား

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက "လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်းဟာ ပြည်သူတွေရဲ့ လူမှုစီးပွားရေးအတွက် အထောက်အကူဖြစ်သလို တိုင်းရင်းသားပြည်သူများအားလုံး ကူးလူးဆက်သွယ်သွားလာနိုင်တဲ့ သွေးစည်းညီညွတ်ရေးဆိုင်ရာ အဆောက်အအုံတွေလည်း ဖြစ်တယ်"ဟု လမ်းညွှန်မိန့်ကြားခဲ့ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ မြန်မာအင်ဂျင်နီယာများ၏ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်မှု၏ ရလဒ်ဖြစ်သော ဤလိုင်းလီတံတားကြီး အောင်မြင်စွာ ဆောက်လုပ်ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းကြောင့် ရှမ်းပြည်နယ်၊ ကယားပြည်နယ်တို့မှ ကုန်စည်များကို လျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်တော့မည်ဖြစ်၍ နိုင်ငံတော်အစိုးရနှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာနတို့အား အထူး ကျေးဇူးတင်ရှိပါကြောင်းနှင့် ဤတံတားကြီး ရေရှည်တည်တံ့ခိုင်မြဲအောင်၊ သားစဉ်မြေးဆက် အသုံးပြုနိုင်အောင် ဝိုင်းဝန်းထိန်းသိမ်းသွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

တိုင်းမှူး ဗိုလ်မှူးချုပ် ဆန်းဦး အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဦးခင်မောင်မြင့် တံတား တည်ဆောက်ခဲ့မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အဆင့်မြှင့်တင်

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က တံတားတည်ဆောက်ခဲ့မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် ယခုအခါ နေပြည်တော်-ပင်လောင်းလမ်းကို လမ်းအဆင့်မြှင့်တင် တည်ဆောက်လျက်ရှိရာ အဆိုပါလမ်းနှင့် လိုက်လျောညီထွေဖြစ်စေရန် တံတားတိုင်အမြင့် ပေ ၁၄၀၊ တာဝါတိုင်အမြင့် ၁၃၄ ပေ စုစုပေါင်း ၂၇၄ ပေအမြင့်ရှိပြီး ယာဉ်တစ်စီးချင်းခံနိုင်ဝန် ၇၅ တန်ရှိသော ဤလိုင်းလီတံတားကြီးကို နိုင်ငံခြားငွေ ၃ ဒသမ ၄၇၆ သန်း၊ မြန်မာငွေကျပ် သန်း ၁၄၅၀၀ အကုန်အကျခံ၍ တည်ဆောက်ခဲ့ခြင်း ဖြစ်ပါကြောင်း။

မိုင် ၇၀ ကျော်

ယခင်က နေပြည်တော်မှ ပင်လောင်းမြို့သို့သွားရာတွင် ပျဉ်းမနား-မိတ္ထီလာ-အောင်ပန်း-ပင်လောင်းလမ်းများ အတိုင်း မိုင် ၂၀၀ ကျော်မျှ သွားလာခဲ့ရသော်လည်း ယခုအခါ မိုင် ၇၀ ကျော်မျှဖြင့်သာ သွားလာနိုင်တော့မည်ဖြစ်ကြောင်း။

စနစ်တကျသွားလာ

ယခုကဲ့သို့ နိုင်ငံတော်က တည်ဆောက်ပေးခဲ့သည့် လမ်းများ၊ တံတားများသည် နိုင်ငံတော် အကျိုးစီးပွားနှင့် ဆက်စပ်ပြီး ဒေသ၏ အကျိုးစီးပွားကိုလည်း ဖော်ဆောင်ပေးနေခြင်းဖြစ်၍ လမ်း၊ တံတားများကို ရာသီမရွေး သွားလာအသုံးပြုနိုင်ရေး၊ သက်တမ်းပြည့် သုံးစွဲနိုင်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ လမ်းများ၊ တံတားများကို အသုံးပြုကြရာတွင်လည်း သတ်မှတ်စံချိန်စံညွှန်း၊ ဥပဒေများနှင့်အညီ စည်းကမ်းတကျ တင်ဆောင်သွားလာကြပါရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ကျေးဇူးတင်

ယင်းနောက် ပင်လောင်းမြို့မှ ဦးစိုင်းနော်ခမ်းက လိုင်းလီတံတား တည်ဆောက်ဖွင့်လှစ်ပေးသည့်အတွက် ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တံတားဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ဖဲကြိုးဖြတ်

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တံတားမုခ်ဦးရှေ့၌ နေရာယူကြပြီး ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်ဆန်းဦး၊ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦးတို့က လိုင်းလီတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

မှတ်တမ်းတင်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ တံတားဖွင့်ပွဲအထိမ်းအမှတ်အဖြစ် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် ဝန်ကြီးချုပ်သည် လိုင်းလီတံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

နံ့သာပက်ဖျန်း

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးများက ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လိုင်းလီတံတားပေါ်သို့ ဖြတ်သန်း ကြည့်ရှုကြသည်။

တည်ရှိ

လိုင်းလီတံတားသည် ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ် လိုင်းလီကျေးရွာအနီးရှိ နေပြည်တော်-ပင်လောင်းလမ်း မိုင်တိုင်အမှတ်(၄၂/၅)၌ တည်ရှိသည်။

တံတား အမျိုးအစားမှာ သံမဏိသံပေါင် ကြိုးတံတားအမျိုးအစားဖြစ်ပြီး တံတားအရှည်မှာ ပင်မကြိုးတံတား အရှည်ပေ ၁၀၀၀ နှင့် နှစ်ဖက်ချဉ်းကပ်တံတား အရှည်ပေ ၃၈၀ စီ အပါအဝင် စုစုပေါင်း ပေ ၁၇၆၀ ရှိသည်။ တံတားပေါ်တွင် အကျယ် ၂၈ ပေရှိ နှစ်လမ်းသွားလမ်းနှင့် တစ်ဖက်လျှင် သုံးပေစီရှိသည့် လူသွားလမ်းတို့ကို တည်ဆောက်ထားသည်။ တံတား၏ ယာဉ်တစ်စီးချင်း ခံနိုင်ဝန်မှာ ၇၅ တန် ဖြစ်သည်။

အစားထိုး

အဆိုပါ တံတားကြီးသည် ယခင်က တံတားခံနိုင်ဝန် ၁၃ တန်သာရှိသည့် နှစ်လွှာတစ်ထပ် တစ်လမ်းသွား ဘေလီတံတားနေရာ၌ အစားထိုးတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ဖြတ်သန်းကြည့်ရှု

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များ လိုင်းလီတံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြစဉ်။ (သတင်းစဉ်)

☆ **တံတားကြီးကို အကျိုးရှိရှိ အသုံးချကာ မိမိတို့၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးအတွက် အလုပ်ကို ကြိုးစားလုပ်ကိုင်။**

☆ **သမိုင်းဝင် အမျိုးသားရေးဂုဏ်သိက္ခာကို မြှင့်တင်ထိန်းသိမ်းနိုင်ရန်အတွက် အချိန်နီးကပ်နေပြီဖြစ်သော ရွေးကောက်ပွဲကြီး အောင်မြင်အောင် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်။**

❖ **ကျောဖုံးမှ**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦးသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် နေပြည်တော်မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာပြီး နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မြို့သစ်ရပ်ကွက်ရှိ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) ဘောလုံးအကယ်ဒမီသင်တန်းကျောင်းသို့ ရောက်ရှိရာ မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်၊ မန္တလေးမြို့တော်ဝန် ဦးဖုန်းဇော်ဟန်၊ မန္တလေးတိုင်းဒေသကြီး ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ အမှုဆောင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး အားကစားကွင်းများ တည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်က ရှင်းလင်းတင်ပြရာတွင် မြန်မာနိုင်ငံ အိုလံပစ်ကောင်စီ၏ လမ်းညွှန်ချက်အရ နိုင်ငံတော်၏အားကစား အဆင့်အတန်း မြင့်မားအောင်မြင်ရေးအတွက် အထက်မြန်မာပြည် အမျိုးသားအားကစားဉယျာဉ်စီမံကိန်း (မန္တလေး)ကို တည်ဆောက်ရန် စီမံခဲ့ပါကြောင်း၊ ထိုသို့အနေဖြင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် FIFA ၏ ထောက်ပံ့မှုဖြင့် Football Academy (အထက်မြန်မာပြည်) တစ်ခုကို ဆောက်လုပ်ရန်အတွက် အားကစားနှင့်ကာယပညာသိပ္ပံနှင့်ကပ်လျက် မြေ ၁၀ ဧကကို ခွင့်ပြုပေးအပ်ခဲ့ပါကြောင်း၊ သို့ဖြစ်၍ အမျိုးသားအားကစားဉယျာဉ်စီမံကိန်း(မန္တလေး)တွင် အားကစားနိုင်ငံတကာ အဆင့်မီ ဘောလုံးကွင်းတစ်ကွင်း၊ အားကစားခန်းမတစ်ခု၊ ရေကူးကန်တစ်ခု၊ စက်ဘီးအားကစားကွင်း (Velodrome)တစ်ခု၊ ပိုက်ကျော်ခြင်းအားကစားရုံတစ်ခု၊ အလေးမအားကစားရုံတစ်ခု၊ ဘိုးလင်းအားကစားရုံတစ်ခု၊ သေနတ်ပစ်ကွင်းတစ်ခု၊ တင်းနစ်အားကစားကွင်းနေရာတို့ကို ဆောက်လုပ်တည်ဆောက်နိုင်ရန်အတွက် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် (၆၈)လမ်းနှင့် (၇၃)လမ်းကြား၊ သဇင်လမ်းနှင့် ငုရွှေဝါလမ်းကြား မြေဧက ၁၈၄ ဒသမ ၉၄ ဧကကို လျာထားခဲ့ပါကြောင်း။

အဆိုပါမြေနေရာတွင် ဧက ၅၀ ခန့်ကို မူလသတ်မှတ်ချက်အတိုင်း အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)အား ၂၀၀၂ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အဆောက်အအုံများ ဆောက်လုပ်ရန် (၆၈)လမ်းနှင့် (၇၃)လမ်းကြား၊ ငုရွှေဝါလမ်းနှင့် အားကစားနှင့်ကာယပညာသိပ္ပံ အကြား မြေဧရိယာ ၁၂၄ ဧကခန့် ကျန်ရှိပါကြောင်း။

အဆိုပါ လက်ကျန်မြေဧရိယာတွင် အမျိုးသားအားကစားဉယျာဉ်စီမံကိန်းပါ ရန် လျာထားပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က အမျိုးသားအားကစားဉယျာဉ် စီမံကိန်း(မန္တလေး) အတွင်း တည်ဆောက်မည့် နိုင်ငံတကာ

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✳

နိုင်ငံတကာအဆင့်မီ ဘောလုံးကွင်း ဘေးဘက်မြင်ကွင်းပုံစံကို တွေ့ရစဉ်။ (သတင်းစဉ်)

စီမံကိန်းတွင်ပါဝင်သည့် နိုင်ငံတကာအဆင့်မီ ရေကူးကန်ကို တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၆-၁၁-၂၀၁၀ (စနေနေ့)
[၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လကွယ်နေ့(ဥပုသ်နေ့)]

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၀ ၂။ အင်္ဂုဇယမင်္ဂလာ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၅ ၆။ ကဗျာပန်းဉယျာဉ်
၈း၂၀ ၇။ အကပြိုင်ပွဲ
၈း၃၀ ၈။ တေးဂီတအစီအစဉ်
၈း၄၀ ၉။ International News
၈း၄၅ ၁၀။ "နင်းကြည့်စမ်းပါ"
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁း၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁း၂၀ ၅။ Yan Can Cook
၁း၄၀ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မပြယ်သောချစ်ခြင်း မနွမ်းသောမေတ္တာ" (အပိုင်း-၅၇)**
၂း၄၀ ၇။ အတီးပြိုင်ပွဲ
၂း၅၀ ၈။ International News
၃း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၀ ၃။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၄း၃၀ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄း၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ်(ရူက္ခဗေဒအထူးပြု) (ရူက္ခဗေဒ)
၄း၅၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၀၀ ၇။ အဆိုပြိုင်ပွဲ
၅း၁၀ ၈။ "သဘာဝပတ်ဝန်းကျင်နှင့် ကြွပ်ကြွပ်အိတ်"
၅း၃၀ ၉။ ချစ်စရာ့အရွယ်ကစားကြမယ်
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၂။ ယဉ်တစ်ကိုယ်မယ်
၆း၄၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အတိတ်ရဲ့ပုံရိပ်" (အပိုင်း-၂၈)**
၇း၄၅ ၁၄။ "ဘယ်လိုမဲပေးကြမှာလဲ" (မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်များ)
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ "ဒီမိုမွေးနေ့" (မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်များ)
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ "လူမှုဘဝမြင့်မားရေးလျှပ်စစ်ဓာတ်အားဖြည့်ဆည်းပေး"
၂၀။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (အပိုင်း-၇၁)**
၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝမိုးတိမ်" (အပိုင်း-၇)**
၂၂။ ဂီတတံခါးလေးဖွင့်ပါဦး
၂၃။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာ ဘာဝနာပွားများခြင်းတရားတော်
၂၄။ အစီအစဉ်ပြီး၏။

စီမံကိန်းတွင် ပါဝင်သည့် နိုင်ငံတကာအဆင့်မီ အားကစားခန်းမကို တွေ့ရစဉ်။ (သတင်းစဉ်)

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပနိုင်ရေး နေပြည်တော်တွင် နိုင်ငံတကာအဆင့်မီ ဘောလုံးအားကစားကွင်းနှစ်ကွင်း တည်ဆောက်

(သုဝဏ္ဏ) ဘောလုံးကွင်းကို နိုင်ငံတကာအဆင့်မီ ကွင်းအဖြစ် ပွဲကြည့်စင်များကို တိုးချဲ့

✻ စာမျက်နှာ ၆ မှ

အဆင့်မီ ဘောလုံးကွင်း တည်ဆောက်ရေးနှင့် စပ်လျဉ်း၍ ဘောလုံးကွင်းပုံစံကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

နိုင်ငံတကာအဆင့်မီ

ထို့နောက် အတွင်းရေးမှူး(၁)က အမျိုးသား အားကစားအဆင့်အတန်း မြင့်မားရေးနှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပနိုင်ရေးအတွက် နေပြည်တော်တွင် နိုင်ငံတကာအဆင့်မီ ဘောလုံးအားကစားကွင်းနှစ်ကွင်း တည်ဆောက်လျက်ရှိပြီး လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်းကို နိုင်ငံတကာအဆင့်မီ ဘောလုံးကွင်းအဖြစ် ပွဲကြည့်စင်များကို တိုးချဲ့တည်ဆောက်ရန် စီစဉ်ပြီးဖြစ်ကြောင်း၊ နောင်အနာဂတ်ကာလတွင် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသာမက အာရှအားကစားပြိုင်ပွဲများကိုပါ အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရေးအတွက်ကိုလည်း ကြိုတင်မျှော်မှန်းဆောင်ရွက်သွားရန် လိုကြောင်း။

အိမ်ရှင်နိုင်ငံ

ယခုကဲ့သို့ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် လက်ရှိတည်ဆောက်လျက်ရှိသည့် ဘောလုံးကွင်းများ၊ အားကစားကွင်းများပြီးစီးပါက အာရှအားကစားပြိုင်ပွဲများကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပနိုင်မည် ဖြစ်ကြောင်း၊ နိုင်ငံတကာအဆင့်မီ ဘောလုံးကွင်းများ၊ အားကစားခန်းမများ တည်ဆောက်ရာတွင်လည်း ပွဲကြည့်ပရိသတ် အန္တရာယ်ကင်းရှင်းရေး၊ သက်သောင့်သက်သာကြည့်ရှုအားပေးနိုင်ရေးတို့ အတွက်ကိုလည်း စီစဉ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ယာဉ်ရပ်နားစခန်း၊ နားနေဆောင်များ၊ စားသောက်ဆိုင်များ၊ လူသွားစင်္ကြံကျယ်များ စသည့် အခြေခံလိုအပ်ချက်များကိုလည်း ပြည့်ပြည့်စုံစုံ ထည့်သွင်းပြီး နိုင်ငံတကာအဆင့်မီ Sports Park Complex အဖြစ် စနစ်တကျ အကွက်ချ တည်ဆောက်သွားရန် လိုကြောင်း။

ညှိနှိုင်းဆွေးနွေး

မန္တလေးမြို့အနေဖြင့် လက်ရှိ MNL ဘောလုံးပြိုင်ပွဲများကို ဗထူးအားကစားကွင်း၌ ကျင်းပလျက်ရှိရာ လူဝင်ဆံ့မှုနည်းပါးပြီး နေရာအနေအထားအရ ပွဲကြည့်သူများအတွက် အဆင်ပြေမှု မရှိခြင်းများဖြစ်ပေါ်လျက်ရှိရာ မန္တလေးတွင် ရေရှည်အတွက် လျာထားဆောင်ရွက်ထားရှိမည့် အမျိုးသားအားကစားကဏ္ဍတွင် နိုင်ငံတကာ အဆင့်မီ ဘောလုံးကွင်းကို ပထမဦးစွာ တည်ဆောက်သွားမည်ဖြစ်ကြောင်း ပြောကြားပြီး မြေအနေအထား၊ တည်ဆောက်မည့်နေရာများနှင့် စပ်လျဉ်း၍ အကွက်ချမြေပုံကို ကြည့်ရှုကာ ညှိနှိုင်းဆွေးနွေးသည်။

အမျိုးသား အားကစား ဥယျာဉ် စီမံကိန်း (မန္တလေး) ရှိ အားကစားရုံများ၏ အကွက်ချပုံစံကို တွေ့ရစဉ်။
(သတင်းစဉ်)



ဆက်လက်၍ အတွင်းရေးမှူး(၁)သည် နိုင်ငံတကာအဆင့်မီ ဘောလုံးကွင်းပုံစံကို ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် အတွင်းရေးမှူး(၁)သည် အားကစားကွင်းများ တည်ဆောက်မည့် မြေနေရာကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး ဘောလုံးအကယ်ဒမီ သင်တန်းကျောင်းမှ ပြန်လည်ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

အမျိုးသား အားကစားဥယျာဉ် (မန္တလေး)၌ တည်ဆောက်မည့် နိုင်ငံတကာအဆင့်မီ ဘောလုံးကွင်းသည် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် (၆၈)လမ်းနှင့် (၇၃)လမ်းကြား ငုရွှေဝါလမ်းနှင့် သဇင်လမ်းကြားတွင် တည်ရှိသည်။

အဆိုပါ နိုင်ငံတကာအဆင့်မီ တည်ဆောက်မည့် ဘောလုံးကွင်းသည် အမျိုးသားအားကစားဥယျာဉ် (မန္တလေး)နယ်မြေအတွင်းတွင် တည် ဆောက်သွားမည် ဖြစ်ပြီး

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❒

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် လက်ရှိတည်ဆောက်လျက်ရှိသည့် ဘောလုံးကွင်းများ၊ အားကစားကွင်းများ ပြီးစီးပါက အာရှအားကစားပြိုင်ပွဲများကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပနိုင်မည်ဖြစ်။

နိုင်ငံတကာအဆင့်မီ တင်းနစ်အားကစားကွင်း

စီမံကိန်းတွင်ပါဝင်သည့် နိုင်ငံတကာအဆင့်မီ တင်းနစ်အားကစားကွင်းကို တွေ့ရစဉ်။
(သတင်းစဉ်)

ဘောလုံးကွင်း အတွင်းပိုင်းပုံစံ

နိုင်ငံတကာအဆင့်မီ ဘောလုံးကွင်း အတွင်းပိုင်းပုံစံကို တွေ့ရစဉ်။
(သတင်းစဉ်)

မြန်မာတို့၏ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ

ဖိုးရေချမ်း

မြန်မာတို့သည် ရွေးကောက်ပွဲအတွေ့အကြုံ ကြွယ်ဝသကဲ့သို့ ရွေးကောက်ပွဲလောကဓံမျိုးစုံကိုလည်း ကိုယ်တွေ့ကြုံခဲ့ရဖူးသည်။ အင်္ဂလိပ်နယ်ချဲ့လက်အောက် ကျရောက်သောကာလ၌ ပြည်သူ့(ဒီမိုကရေစီ)ရွေးကောက်ပွဲမရှိခဲ့။ အင်္ဂလိပ်ဘုရင်ခံ၏ အတိုင်ပင်ခံအမတ်(မင်းတိုင်ပင်အမတ်)များကိုသာ ရွေးခဲ့ရသည်။ နိုင်ငံခြားသားများလွှမ်းကဲသော မင်းတိုင်ပင်အဖွဲ့သာဖြစ်သည်။ မဲပေးခွင့်၊ အရွေးခံခွင့်တို့တွင်လည်း အကန့်အသတ်များခဲ့သည်။ ထို့ကြောင့် ထိုရွေးကောက်ပွဲများကို မြန်မာတို့၏ ဆန္ဒသဘောထားမှန်ဖော်ပြသော ဒီမိုကရေစီပုံစံရွေးကောက်ပွဲစာရင်းတွင် မထည့်သွင်းနိုင်ပေ။

အင်္ဂလိပ်အုပ်စိုးမှုအောက်မှာပင် မြန်မာပြည်သူတို့၏ လွတ်လပ်ရေးတိုက်ပွဲအရှိန်အဟုန်မြင့်လာသဖြင့် လွတ်လပ်ရေးတိုက်ပွဲကို အဓိကဦးဆောင်နေသည့် ဗိုလ်ချုပ်အောင်ဆန်းကို အင်္ဂလိပ်ဘုရင်ခံက ပင့်ဖိတ်ပြီး အတိုင်ပင်ခံကောင်စီ(မြန်မာကြားဖြတ်အစိုးရ) ဖွဲ့ခွင့် ပေးခဲ့ရသည်။ လွတ်လပ်ရေးအောင်ပန်းကို လှမ်းကိုင်ရန် ပိုမိုနီးစပ်နီးကပ်လာသည်။ လွတ်လပ်သောအခါ နိုင်ငံတော် အချုပ်အခြာအာဏာ (ပြည်သူ့အကျိုးပြု ဥပဒေများပြဋ္ဌာန်းခွင့်၊ ယင်းဥပဒေများနှင့်အညီ စီမံအုပ်ချုပ်ခွင့်၊ ဥပဒေချိုးဖောက်သူများအား တရားရုံးတင် စစ်ဆေးစီရင်ခွင့်စသည်)ကို ပြည်သူတို့ မဲပေးရွေးကောက် တင်မြှောက်သည့် ကိုယ်စားလှယ်များက ပြည်သူ့ကိုယ်စားကျင့်သုံးရာ၌ စည်းကမ်းတကျ၊ စနစ်တကျ ပြည်သူ့ဆန္ဒနှင့်အညီ ဖြစ်စေရန် ရေးသားထားရမည့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန် လိုအပ်သည်။ ထို့ကြောင့် လွတ်လပ်ရေးအခင်းအကျင်းများ စုပေါင်းခင်းကျင်းရန်နှင့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းရန်အတွက် တိုင်းပြု ပြည်ပြု လွှတ်တော် ရွေးကောက်ပွဲကြီးတစ်ရပ်ကို ၁၉၄၇ ခုနှစ်မှာပင် ကျင်းပခဲ့ရသည်။

ထိုရွေးကောက်ပွဲမှာ အင်္ဂလိပ်အုပ်စိုးမှုအောက်တွင် ကျင်းပခဲ့ရသော်လည်း နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ အမျိုးသားလွတ်လပ်ရေး အစဉ်အလာကြီးမားသော မြန်မာ့မျိုးချစ်တပ်မတော်အကြီးအကဲ ဗိုလ်ချုပ်အောင်ဆန်းက ကမကထပြုလုပ် ကျင်းပခဲ့ခြင်းဖြစ်သည်။ လွတ်လပ်ရေးကို ပြည်သူ့အားဖြင့်တိုက်ယူရန် ဖွဲ့စည်းခဲ့သော ဖဆပလ (ဖက်ဆစ်ဆန့်ကျင်ရေး၊ ပြည်သူ့လွတ်လပ်ရေး)အဖွဲ့ချုပ်ကို ဗိုလ်ချုပ်အောင်ဆန်းက ခေါင်းဆောင်သည်။ ပြည်သူတစ်ရပ်လုံးကလည်း ဗိုလ်ချုပ်၏ ခေါင်းဆောင်မှု၊ ဖဆပလအဖွဲ့ချုပ်ကြီးနှင့် ပြည်သူ့အင်အားတို့ဖြင့် မြန်မာ့လွတ်လပ်ရေး သေချာပေါက်ရတော့မည်ဟု ယုံကြည်ကြသည်။ ထို့ကြောင့် ၁၉၄၇ ခုနှစ် တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲတွင် (ကွန်မြူနစ်အမတ်ခုနစ်ဦးမှအပ) ဖဆပလအမတ်လောင်းအဖြစ် ဗိုလ်ချုပ်လျာထားသတ်မှတ်ပေးလိုက်သောသူအားလုံးကို ပြည်သူက တစ်ခဲနက်ထောက်ခံမဲပေးခဲ့သည်။ ထိုရွေးကောက်ပွဲ၌ မဲခိုးမှု၊ မဲလိမ်မှု၊ မဲပုံးဖောက်မှု၊ မဲဝယ်၊ မဲရောင်းမှု၊ ရွေးကောက်ပွဲလူသတ်မှု၊ ခြိမ်းခြောက်မှုများ လုံးဝကင်းခဲ့သည်။

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးပြန်ရခဲ့သည်။ မကြာမီမှာပင် ဗမာပြည်ကွန်မြူနစ်ပါတီ၊ ပြည်သူ့ရဲဘော်(ရဲဘော်ဖြူ)၊ အလံနီကွန်မြူနစ်တို့ တောခိုပုန်ကန်သည်။ အနောက်နယ်ချဲ့အုပ်စု သွေးထိုးထောက်ပံ့မှုဖြင့် ခွဲထွက်ရေးပုန်ကန်သော ကေအင်ဒီအို(ကရင်)၊ အမ်အင်န်ဒီအို(မွန်)၊ မူဂျာဟစ်၊ တရုတ်ပြည်မှ ရှုံးနိမ့်ထွက်ပြေးလာကာ အမေရိကန်စီအိုင်အေ အထောက်အပံ့ အစီအမံဖြင့် ရှမ်းပြည်နယ်အရှေ့ခြမ်းကို ကျူးကျော်သိမ်းပိုက်ခြေကုပ်ယူနေသော ကေအမ်တီ(တရုတ်ဖြူ)တို့က ပြည်တွင်းရောင်စုံသောင်းကျန်းမှုကြီးဖြစ်အောင် မီးရှို့ခဲ့ကြသည်။ ဖဆပလအဖွဲ့ချုပ်ကြီးမှ အဖွဲ့ဝင်များစွာ ခွဲထွက်သွားကြသည်။ ဗိုလ်ချုပ်အောင်ဆန်းကွယ်လွန်ပြီးနောက် ဖဆပလကိုလည်း လူထုက မကြိုက်တော့ပေ။

ဤအခြေအနေတွင် ဖဆပလသည် အခြေခံဥပဒေ၌ ပြဋ္ဌာန်းထားသည့်အတိုင်း ၁၉၄၉ ခုနှစ် ဇွန်လတွင် ကျင်းပရမည့်ရွေးကောက်ပွဲကို မကျင်းပဘဲ အခြေခံဥပဒေကို သုံးကြိမ်ပြင်ဆင်ကာ ၁၉၅၂ ခုနှစ်အထိ အာဏာသက် ဆက်ယူခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် ပါလီမန်လွှတ်တော်အထွေထွေရွေးကောက်ပွဲ တစ်ကြိမ်၊ ၁၉၅၆ ခုနှစ်တွင် တစ်ကြိမ် ဖဆပလအစိုးရက ဦးစီးသော ရွေးကောက်ပွဲ နှစ်ကြိမ် ကျင်းပပေးခဲ့သည်။ သို့သော် မင်းလှကိုးလောင်းပြိုင်(မင်းလှနှင့် စစ်ကွင်းဘက်နှစ်ရပ်ပေါင်း)၊ မြိတ်-ဆီတောင်အိုင်ရွာမှ လူအစုအပြုံလိုက်သတ်မှု နယ်များ၌ တစ်ဦးချင်းဆွဲသတ်မှုများစွာကို ဖဆပလခါးပိုက်ဆောင်တပ်များ (ပျူစောထီး၊ ပြောက်ကျား၊ ကာကွယ်ရေး၊ အရန်ရဲ၊ အထူးရဲ စသည်များ)က ကျူးလွန်ခဲ့သည်။

ဖဆပလအမတ်လောင်းများ တစ်နေရာအရွေးမခံရလျှင် နောက်တစ်နေရာ ပြောင်းရွှေ့အရွေးခံရရန် ရွေးကောက်ပွဲတစ်ခုတည်းကို သုံးသုတ်(သုံးကြိမ်)ခွဲ ကျင်းပခဲ့သည်။ မဲစာရင်း မမှန်မကန်လုပ်သည်။ မဲလိမ်သည်။ မဲညစ်သည်။ ခရိုင်ရွေးကောက်ပွဲအရာရှိအဖြစ် ဖဆပလသြဇာခံ အရေးပိုင်(ခရိုင်ဝန်)များကို တာဝန်ပေးသည်။ မဲပုံးများကို အရေးပိုင်ရုံး၌ ညပေါင်းများစွာ ညသိပ်ပြီးမှ ရေတွက်သည်။ ပမညတ(အတိုက်အခံ)ကို ထောက်ခံမည့်မဲဆန္ဒရှင်များ မဲမပေးနိုင်အောင် လုပ်ခဲ့သည်။ တစ်ဖက်တွင်လည်း တောတွင်းလက်နက်ကိုင်(ကွန်မြူနစ်)များက အတိုက်အခံ ပမညတကိုသာ မဲပေးရန် ရွာထဲဝင် လက်နက်ပြခြိမ်းခြောက်သည်။ ရွေးကောက်ပွဲ ကျင်းပရေးကော်မရှင် လူကြီးဆရာချယ်(နိုင်ငံ့ဂုဏ်ရည်ပထမဆင့်)ရေးသားပြုစုပြီး အောင်စစ်သည် စာပေမှ ထုတ်ဝေသော "တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးသို့" စာအုပ်တွင် လည်းကောင်း၊ ပမညတထုတ် စာအုပ်များစွာတွင် လည်းကောင်း၊ ထိုခေတ်သတင်းစာများတွင်လည်းကောင်း၊ ရွေးကောက်ပွဲ ခုံရုံးမှတ်တမ်းများတွင်လည်းကောင်း ယခုတင်ပြသည်ထက် ပြည့်စုံသော ရွေးကောက်ပွဲ မသမာမှုများကို တွေ့နိုင်ပါသည်။

အာဏာရ ဖဆပလအဖွဲ့ကြီးအတွင်း ပဲ့ထွက်မှု၊ ခွဲထွက်မှုများစွာ ကြုံရပြီးနောက် ၁၉၅၈ ခုနှစ်တွင် လက်ကျန် ဖဆပလ အရေခြုံထားသည့် ဆိုရှယ်လစ်ပါတီကြီး နှစ်ခြမ်းကွဲသည်။ တစ်ခြမ်းကို ဆိုရှယ်လစ်ပါတီဝင်မဟုတ်သော်လည်း အာဏာလက်လွှတ်မခံနိုင်သည့် ဦးနုက သခင်တင်နှင့်အတူ ခေါင်းဆောင်ကာ နု-တင်(သန့်ရှင်းဖဆပလ) ဟူ၍ လည်းကောင်း၊ တစ်ခြမ်းကို ဦးဗဆွေ၊ ဦးကျော်ငြိမ်းခေါင်းဆောင်ပြီး ဆွေ-ငြိမ်း (တည်မြဲဖဆပလ)ဟူ၍ လည်းကောင်း ကွဲကြသည်။ အချင်းချင်း ရန်လိုကြသည်။ သန့်ရှင်းများက တည်မြဲများကို လက်ဦးမှုယူပြီး တိုက်ခိုက်ရန် ရန်ကုန်မြို့တွင်း လူသူလက်နက်ခိုးသွင်းလာရာ သွေးချောင်းစီးကိန်းဖြစ်ခဲ့ရသည်။ ဝန်ကြီးချုပ် ဦးနုကိုယ်တိုင် ဆိုရှယ်လစ်ချင်း မြေပေါ်စစ်ခင်းမည့်အရေး စိုးရိမ်ကာ ၁၉၅၈ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့တွင် ဝန်ကြီးချုပ်မှ နုတ်ထွက်၊ ဗိုလ်ချုပ်ကြီးနေဝင်းကို ဝန်ကြီးချုပ်တင်ပေးကာ နိုင်ငံ တည်ငြိမ်အောင်လုပ်ပြီး တရားမျှတသော ရွေးကောက်ပွဲလုပ်ပေးရန် အာဏာလွှဲအပ်ခဲ့သည်။ ပါလီမန်လွှတ်တော်၌ တရားဝင်

လွှဲပေးသောအာဏာကို ရယူပြီး ဗိုလ်ချုပ်ကြီးနေဝင်း
အစိုးရက နိုင်ငံတည်ငြိမ်ရေးလုပ်ငန်းများ လုပ်
၁၉၆၀ ခုနှစ် ဖေဖော်ဝါရီလတွင် ရွေးကောက်ပွဲ
ခဲ့သည်။

ဗိုလ်ချုပ်ကြီးနေဝင်းက မိတ္ထီလာတွင် က
တပ်မှူးများညီလာခံ၊ ရန်ကုန်တွင် ကျင်းပသော
လုံခြုံရေးအစည်းအဝေး(၁၉၅၉ ခုနှစ်)တို့၌ တပ်မတော်
တရားမျှတ၊ လွတ်လပ်သောရွေးကောက်ပွဲကို သ
ဒိုင်လူကြီးအဖြစ် တာဝန်ယူ ကျင်းပပေးမည်၊ တ
ပုဂ္ဂိုလ်များ၊ ရဲဘက်၊ အရပ်ဘက်တာဝန်ရှိပုဂ္ဂိုလ်များ
ပွဲ၌ ဝင်မစွက်ဖက်ရန်၊ သမာသမတ် ဆောင်ရွ
ပြည်သူတို့သာမက တပ်မတော်သားများပါ စိတ်ကြ
လွတ်လပ်စွာ မဲပေးနိုင်ကြရန် တိကျစွာ လိုက်နာကြ
ခဲ့သည်။ (ထိုကာလ စာနယ်ဇင်းများတွင်ရှု)။

၁၉၆၀ ခုနှစ် ဖေဖော်ဝါရီလတွင် တည်မြဲ၊ သန့်ရှင်း
တို့ အဓိကယှဉ်ပြိုင်ကြသည်။ ရွေးကောက်ပွဲမတိုင်မီ
ဖဆပလ ဦးနုက ဘာသာရေးမက်လုံးပေးမဲဆွယ်သည်
အတွက် တောတွင်းဗကပက မဲဆွယ်ကြေညာချက်
ရွာများစွာကို လက်နက်ပြ ခြိမ်းခြောက်ခဲ့သည်။ တည်မြဲ
အပေါ် သံယောဇဉ်ကြီးလှသော ဆိုရှယ်လစ်ပါတ
တပ်မှူးကြီး တစ်ကျိပ်ခန့်က မဲပုံးဖောက်၊ မဲလိမ်၊ ခြ
ဘက်လိုက်ခဲ့ကြသည်။ ထိုတပ်မှူးကြီးအချို့၏ ရွေး
မသမာမှုများကို ရွေးကောက်ပွဲပြီး၍ အနိုင်ရသော
(ပထစ)အစိုးရက အမှုတွဲများတင်ပြလာမှ ကာကွယ
ချုပ်က စိတ်မကောင်းစွာ သိရသည်။ ထိုတပ်မှူးများ
ထုတ်ပစ်ခဲ့ရသည်။ တပ်မတော်အကြီးအကဲနှင့် တ
တစ်ခုလုံးကား သမာသမတ် ဒိုင်လူကြီးအဖြစ် ရွေး
ကျင်းပပေးခဲ့သဖြင့် ၄-၄-၆၀ ရက်နေ့ ပါလီမန်
ဝန်ကြီးချုပ်က ဗိုလ်ချုပ်နေဝင်းနှင့် တပ်မတော် (
အစိုးရကို ဒီမိုကရေစီ မီးရှူးတန်ဆောင်အဖြစ်
ဂုဏ်တင်ကာ ကျေးဇူးတင်စကားပြောကြားခဲ့သည်။ ၁
ရွေးကောက်ပွဲ၌ တည်မြဲတပ်မှူးများ၊ အရန်ရဲ၊ အထူး
မသမာမှုများကို ပါလီမန်လွှတ်တော်တွင် ပွက်လော
ကန့်ကွက်ပြစ်တင်ရှုတ်ချ ပြောကြားခဲ့ကြသည်။
ဘက်တော်သား ဗိုလ်တက်မြင့်က ငါန်းဇွန်မြို့မှ သန့်ရှ
ဘက်မှ ရွေးကောက်ပွဲအောင်နိုင်ရေး ဆောင်ရွက်
ယောက်ကို လုပ်ကြံသတ်ဖြတ်ခဲ့သည်။ ငါန်းဇွန်ခြော
ပြိုင်ဟု တွင်ခဲ့သည်။

၁၉၇၄ မှစတင်၍ ရွေးကောက်ပွဲ လေးကြိမ် ကျ
တော်လှန်ရေးကောင်စီနှင့် လမ်းစဉ်ပါတီအစိုးရတို့က
ကျင်းပပေးခဲ့သည်။ ထိုစဉ်က ပြည်သူ (၉၀ ဒသမ
ထောက်ခံအတည်ပြုပေးသည့် ၁၉၇၄ ခုနှစ် နိုင်
အခြေခံဥပဒေအရ လမ်းစဉ်တစ်ပါတီတည်းက ဦး
ခေတ်ဖြစ်ရာ လမ်းစဉ်ပါတီကရွေးချယ် လျာထားသတ်
သော ကိုယ်စားလှယ်များကို ကြိုက်လျှင် အဖြူမဲပုံ
မကြိုက်လျှင် အနက်ရောင်မဲပုံးထဲ ထည့်နိုင်သော ပုံစံ
ထိုခေတ်လူများစုက မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို ကြိ
ထိုရွေးကောက်ပွဲများ၌ ပါတီကချပေးသူများသာ

မဲရုံဖွင့်စ မဲဆန္ဒရှင်များရှေ့ မဲပုံးဖွင့်ပြမည်၊ ခါပြမည်၊ အများယုံမှ မဲပုံး ပြန်ပိ
မဲထည့်စေမည်။ ညနေ ၄ နာရီ မဲရုံပိတ်လျှင် မဲရုံထဲမှာပင် ရွေးကောက်ပွဲတွင်
ယှဉ်ပြိုင်သူများ (သို့မဟုတ်) ၎င်းတို့၏ ကိုယ်စားလှယ်များရှေ့ စိစစ်ရေတွက
ခွဲခြားစာရင်း ရေးသွင်းမည်၊ အိတ်သွတ်၊ လက်မှတ်ထိုး၊ ချိပ်ပိတ်မည်။ မဲပုံးအ
မဲလာထည့်သော မဲဆန္ဒရှင်မှအပ မဆိုင်သူ ချဉ်းကပ်လာလျှင် အပြင်မှ မြ
မဲရုံလုံခြုံရေးတာဝန်ရှိသူများက တားဆီးမည်။ မဲရုံတွင်းရှိ ပါတီစုံကိုယ်စားလှယ်
စောင့်ကြည့်ကန့်ကွက်နိုင်သည်။ မဲပြားအတုများ သွင်းမလာနိုင်ရန် မဲပြားတို
မဲရုံမှူးလက်မှတ်ပါမှ တရားဝင်အဖြစ် သတ်မှတ်ရေတွက်မည်။ မဲရုံအတွင်း၊ မဲရုံတ
(ကိုက် ၅၀၀) အတွင်း မဲကြို၊ မဲပို့၊ မဲဆွယ် မလုပ်ရန် ဥပဒေပြဋ္ဌာန်းဟန့်တားပြီ

ပြည်ထောင်စု၏ ရှေ့ခရီး

» ဒီမိုကရေစီ၊ ခေတ်သစ်ဆီသို့
တူညီဆန္ဒ၊ တောင့်တကြသော်
ကျနပီပြင်၊ စနစ်ယှဉ်၍
ဆင်ခြင်မျှော်ရည်၊ နောင်တာရှည်ထိ
ခိုင်ကျည်မြဲမြံ၊ ပြည့်စုံမှန်သည့်
အခြေခံဥပဒေ အောင်ခဲ့ပြီ။
ရွေးကောက်ပွဲဆီ ရှေ့ဆက်ချီ။

» သည်မြေမှာဖွား၊ သည်ပြည်သားဟု
ဝင့်ကြွားဂုဏ်ယူ၊ မှတ်တိုင်ထူဖို့
တူညီခွင့်ရေး၊ ကြိုက်ရာရွေးလျက်
မဲပေးခြင်းမှာ၊ "အပြုံ"သာဟု
များစွာပြည်သူ၊ စွဲမှတ်ယူလျက်
တူတူညီညီ မဲပေးမည်။
ဒို့သမိုင်းကို ဒို့ရေးမည်။

» လေလိုင်းတသန့်၊ နားမဆံ့အောင်
ကန့်လန့်သမား၊ "အဖျက်"များက
"မင်းသား"အကာ၊ မပါရ၍
ပတ်မ ဖောက်ရန်၊ ပူးပေါင်းကြံလည်း
အမှန်ကိုကြည့်၊ အများသိသည့်
"အသိတရား၊ တူယှဉ်ထား"သည့်
"သတိတရား၊ ပေါင်းစပ်ထား"သည့်
ပြည်သားပြည်သူ၊ များဗိုလ်လူတို့
သူငါအစ၊ မဲပေးကြဖို့
တက်ကြွပျော်ရွှင် တွဲလက်ညီ။
မပျက်မကွက် သွားကြမည်။

» ကိုယ်ပိုင်အရေး၊ ကိုယ်တိုင်တွေးလို့
ဒို့ရေးဒို့ရာ၊ သည်တစ်ခါလျှင်
ညီညာဖြိုဖြို၊ မဲပေးကြမည်
အလှရှန်းသစ် ဝင့်စေသတည်း။
ပြည်ထောင်စု၏ ရှေ့ခရီး။ ။

လှငြိမ်းသစ်

းသောအာဏာကို ရယူပြီး ဗိုလ်ချုပ်ကြီးနေဝင်း အိမ်စောင့် ရကာ နိုင်ငံတည်ငြိမ်ရေးလုပ်ငန်းများ လုပ်ဆောင်ပြီး ၀ ခုနှစ် ဖေဖော်ဝါရီလတွင် ရွေးကောက်ပွဲ ကျင်းပပေး ဉ်။

ဗိုလ်ချုပ်ကြီးနေဝင်းက မိတ္ထီလာတွင် ကျင်းပသော ျူးများညီလာခံ၊ ရန်ကုန်တွင် ကျင်းပသော နိုင်ငံတော် ရေးအစည်းအဝေး(၁၉၅၉ ခုနှစ်)တို့၌ တပ်မတော်အစိုးရက းမျှတ၊ လွတ်လပ်သောရွေးကောက်ပွဲကို သမာသမတ် ကြီးအဖြစ် တာဝန်ယူ ကျင်းပပေးမည်၊ တပ်မတော်မှ များ၊ ရဲဘက်၊ အရပ်ဘက်တာဝန်ရှိပုဂ္ဂိုလ်များ ရွေးကောက် ဝင်မစွက်ဖက်ရန်၊ သမာသမတ် ဆောင်ရွက်ကြရန်၊ ပူတို့သာမက တပ်မတော်သားများပါ စိတ်ကြိုက်ရွေးပြီး လပ်စွာ မဲပေးနိုင်ကြရန် တိကျစွာ လိုက်နာကြဖို့ မှာကြား ဉ်။ (ထိုကာလ စာနယ်ဇင်းများတွင်ရှု)။

၁၉၆၀ ခုနှစ် ဖေဖော်ဝါရီလတွင် တည်မြဲ၊ သန့်ရှင်း၊ ပမညတ ခဓိကယှဉ်ပြိုင်ကြသည်။ ရွေးကောက်ပွဲမတိုင်မီ သန့်ရှင်း

ါပြမည်၊ အများယုံမှ မဲပုံး ပြန်ပိတ်ပြီး မဲရုံထဲမှာပင် ရွေးကောက်ပွဲတွင် ပါဝင် ာ်စားလှယ်များရှေ့ စိစစ်ရေတွက်မည်၊ မှတ်ထိုး၊ ချိပ်ပိတ်မည်။ မဲပုံးအနီးသို့ ျဉ်းကပ်လာလျှင် အပြင်မှ မြင်မည်။ ရုံတွင်းရှိ ပါတီစုံကိုယ်စားလှယ်များက း သွင်းမလာနိုင်ရန် မဲပြားတိုင်းတွင် ရေတွက်မည်။ မဲရုံအတွင်း၊ မဲရုံတစ်ဝိုက် လုပ်ရန် ဥပဒေပြဋ္ဌာန်းဟန့်တားပြီးဖြစ်။

လ ဦးနုက ဘာသာရေးမက်လုံးပေးမဲဆွယ်သည်။ ပမညတ က် တောတွင်းဗကပက မဲဆွယ်ကြေညာချက်များထုတ်၊ းစွာကို လက်နက်ပြ ခြိမ်းခြောက်ခဲ့သည်။ တည်မြဲ(ဆွေငြိမ်း) ါ် သံယောဇဉ်ကြီးလှသော ဆိုရှယ်လစ်ပါတီ အမာခံ းကြီး တစ်ကျိပ်ခန့်က မဲပုံးဖောက်၊ မဲလိမ်၊ ခြိမ်းခြောက် လိုက်ခဲ့ကြသည်။ ထိုတပ်မှူးကြီးအချို့၏ ရွေးကောက်ပွဲ ာမှုများကို ရွေးကောက်ပွဲပြီး၍ အနိုင်ရသော သန့်ရှင်း ၁)အစိုးရက အမှုတွဲများတင်ပြလာမှ ကာကွယ်ရေးဦးစီး ၀ စိတ်မကောင်းစွာ သိရသည်။ ထိုတပ်မှူးများကို တပ်မှ ပစ်ခဲ့ရသည်။ တပ်မတော်အကြီးအကဲနှင့် တပ်မတော် လုံးကား သမာသမတ် ဒိုင်လူကြီးအဖြစ် ရွေးကောက်ပွဲ ပပေးခဲ့သဖြင့် ၄-၄-၆၀ ရက်နေ့ ပါလီမန်၌ ပထစ းချုပ်က ဗိုလ်ချုပ်နေဝင်းနှင့် တပ်မတော် (အိမ်စောင့်) ရကို ဒီမိုကရေစီ မီးရှူးတန်ဆောင်အဖြစ် ချီးကျူး ာင်ကာ ကျေးဇူးတင်စကားပြောကြားခဲ့သည်။ ၁၉၆၀ ခုနှစ် ာက်ပွဲ၌ တည်မြဲတပ်မှူးများ၊ အရန်ရဲ၊ အထူးရဲမှူးများ၏ ာမှုများကို ပါလီမန်လွှတ်တော်တွင် ပွက်လောညံအောင် ွက်ပြစ်တင်ရှုတ်ချ ပြောကြားခဲ့ကြသည်။ တည်မြဲ တော်သား ဗိုလ်တက်မြင့်က ငါန်းဇွန်မြို့မှ သန့်ရှင်းဖဆပလ မှ ရွေးကောက်ပွဲအောင်နိုင်ရေး ဆောင်ရွက်သူ ခြောက် က်ကို လုပ်ကြံသတ်ဖြတ်ခဲ့သည်။ ငါန်းဇွန်ခြောက်လောင်း ှ တွင်ခဲ့သည်။

၁၉၇၄ မှစတင်၍ ရွေးကောက်ပွဲ လေးကြိမ် ကျင်းပခဲ့သည်။ လှန်ရေးကောင်စီနှင့် လမ်းစဉ်ပါတီအစိုးရတို့က ကြီးမှူး ပပေးခဲ့သည်။ ထိုစဉ်က ပြည်သူ (၉၀ ဒသမ ၁၉)ရာနှုန်း က်ခံအတည်ပြုပေးသည့် ၁၉၇၄ ခုနှစ် နိုင်ငံဖွဲ့စည်းပုံ ခံဥပဒေအရ လမ်းစဉ်တစ်ပါတီတည်းက ဦးဆောင်သော ဖြစ်ရာ လမ်းစဉ်ပါတီကရွေးချယ် လျာထားသတ်မှတ်ချပေး ကိုယ်စားလှယ်များကို ကြိုက်လျှင် အဖြူမဲပုံးထဲထည့်၊ က်လျှင် အနက်ရောင်မဲပုံးထဲ ထည့်နိုင်သော ပုံစံဖြစ်သည်။ တ်လူများစုက မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို ကြိုက်နေခဲ့၍ းကောက်ပွဲများ၌ ပါတီကချပေးသူများသာ အရွေးခံခဲ့ရ

သည်။ ကန့်ကွက်မဲအထိုက်အလျောက်လည်း ရှိခဲ့သည်။ မဲလိမ် စရာမလို၊ လူသတ်စရာမလိုခဲ့ပေ။

၁၉၉၀ ခုနှစ် ပါတီစုံရွေးကောက်ပွဲကို တပ်မတော်အစိုးရက ကျင်းပပေးသည်။ တပ်မတော်က ဝင်မစွက်၊ အခြေခံဥပဒေ မရှိသောကာလတွင် ကျင်းပသောရွေးကောက်ပွဲဖြစ်၍ ၁၉၄၇ ခုနှစ် ရွေးကောက်ပွဲကဲ့သို့ တိုင်းပြုပြည်ပြု (အခြေခံဥပဒေ ရေးဆွဲကြရန် တာဝန်ရှိသည့်) ရွေးကောက်ပွဲသာဖြစ်သည်။ ပါတီ (၂၃၈)ပါတီ ထောင်ကြသည့်အနက် (၉၃)ပါတီ ဝင်ပြိုင်ကြသည်။ တပ်မတော်က တရားမျှတ လွတ်လပ်သော ရွေးကောက်ပွဲ ဖြစ်စေရန်၊ သမာသမတ် ရွေးကောက်ပွဲကော်မရှင်အား တာဝန်ယူ ကျင်းပစေခဲ့သည်။

သို့သော် ပြည်ပမှ နယ်ချဲ့အသံလွှင့်ဌာနများဖြစ်သော ဘီဘီစီ၊ ဗွီအိုအေ၊ ပြည်ပြေးများကြီးစိုးနေသော အေအိုင်အာရ် တို့က ဝင်စွက်၊ ဝင်ရောက်သပ်လျှိုခြေထိုးခဲ့သည်။ တစ်ဖက် စောင်းနင်း မဲဆွယ်ပေးခဲ့သည်။ တောတွင်းသောင်းကျန်းသူများ ကလည်း မဲထည့်လျှင် ဘယ်ထဲထည့်ရမည်၊ ဘယ်ထဲမထည့်ရဟု လက်နက်ပြ ခြိမ်းခြောက်သည်။ သံတမန် စည်းမစောင့်သူ အချို့ကလည်း မြန်မာ့ရွေးကောက်ပွဲတွင် ၎င်းတို့နိုင်စေလိုသူများ အနိုင်ရရေးအတွက် ဝင်စွက်ခဲ့ကြသည်။ အရှိန်သေစ ရှစ်လေးလုံး တိုင်းဆူ ပြည်ပျက်လှုပ်ရှားမှုကို ဒီမိုကရေစီအရေးအခင်းအဖြစ် ပြန်အသက်သွင်းသူက သွင်းသည်။ ရွေးကောက်ပွဲတွင် နိုင်သူတို့က တရားမျှတ၍ လွတ်လပ်သောရွေးကောက်ပွဲဟု ကြွေးကြော်ကြ သည်။ ရွေးကောက်ပွဲအပြီး အမှတ်(၁) ပန်းဆိုးတန်း၊ ရန်ကုန် တိုင်းဒေသကြီး တရားမတရားရုံးတွင် စစ်ဆေးသော ရွေးကောက် ပွဲခုံရုံးမှ ဟိုဘက်၊ သည်ဘက် ကန့်ကွက်တိုင်ကြားချက်များအပေါ် စစ်ဆေးဆုံးဖြတ်ခဲ့သည့် ခုံရုံးမှတ်တမ်း သို့မဟုတ် အမှုတွဲများတွင် လေ့လာအပ်ကြပေသည်။

ယခင် ၁၉၅၂၊ ၅၆ ရွေးကောက်ပွဲတို့တွင် အမျိုးသား မှတ်ပုံတင်ကတ်များ မရှိကြသေး။ နာမည်ပြောရုံဖြင့် မဲပြား ထုတ်ပေးခဲ့ရာ မဲပြားအလီလီ လိမ်ထုတ်ပြီး မဲပေးနိုင်ခဲ့သည်။ ပျဉ်းမနားဘက်တွင် လူတစ်ယောက်၏ အိတ်ထောင်ထဲ၌ မဲပြား (၄၅)ပြား ဖမ်းမိခဲ့ဖူးသည်။ ထိုတစ်ဦးတည်းမျိုးက မဲရုံတွင်းဝင်ကာ မဲပြားအထပ်လိုက်၊ အစုအပြုံလိုက်ထည့်နိုင်သည်။ ထို့ကြောင့် ၁၉၆၀ ခုနှစ် ရွေးကောက်ပွဲ၌ မှတ်ပုံတင်ဖြင့် လူစစ်နိုင်လာသည်။ (မဲပုံးဖောက်မှုမျိုးကိုကား မတားနိုင်ခဲ့။)

၁၉၉၀ ခုနှစ် မေလ ၂၇ ရက်နေ့ ရွေးကောက်ပွဲ၌ မဲပြား ထုတ်ရန် အမျိုးသားမှတ်ပုံတင်ကတ်ပြရသည်။ မဲပြားကိုလည်း ကိုယ်စားလှယ်လောင်းတစ်ယောက် မဲပြားတစ်ရွက်မလုပ်ဘဲ ထိုမဲဆန္ဒနယ်၌ ယှဉ်ပြိုင်သူအားလုံး၏အမည်၊ ပါတီ၊ သင်္ကေတ နှင့် မဲပေးရမည့် ကွက်လပ်တို့ကို မဲပြားတစ်ပြားထဲတွင် စုရိုက် ထည့်ပေးထားသည်။ လျှို့ဝှက်မဲပေးခန်း၌ ထားသည့် တံဆိပ် တုံးဖြင့် ကြိုက်ရာလူအမည်နှင့် တည့်တည့်ကွက်လပ်ပေါ် ရိုက်နှိပ် မဲပေးရသည်။ တံဆိပ်တုံးက မထင်၊ မင်သီး၊ နှစ်ထပ်ဖြစ်၍ ပယ်မဲ ဖြစ်တတ်သည်ကိုမူ တွေ့ရသေး၏။ မဲပုံးဖောက်၊ မဲလိမ်၍ မရပေ။ ညနေမဲရုံပိတ်ချိန် ပြိုင်ဘက်ကိုယ်စားလှယ်လောင်းတို့ရှေ့၌ မဲပုံးဖောက်ရေတွက်ကာ စာရင်းသွင်းလက်မှတ်ထိုးကြရ၏။ တပ်မတော်ဒိုင်လူကြီးဘက်ကမူ ရွေးကောက်ပွဲတွင် ဝင်မစွက်ခဲ့၊ တရားမျှတစေခဲ့သည်။

၂၀၀၈ ခုနှစ် ဆန္ဒခံယူပွဲသည် နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(တပ်မတော်)အစိုးရလက်ထက်တွင် ကျင်းပပေးခဲ့သည်။ မှတ်ပုံတင်ပြ၊ မဲပြားထုတ်၊ အခြေခံဥပဒေ အသစ်ကို ကြိုက်လျှင် လျှို့ဝှက်မဲပေးခန်းထဲဝင် အမှန်ခြစ် (✔)၊ မကြိုက်လျှင် လျှို့ဝှက်မဲပေးခန်းထဲမှာပင် ကြက်ခြေခတ်(✘)ပြီး

အများမြင်အောင်ထားပေးသည့် မဲပုံးထဲထည့်ကြရသည်။ မဲရုံ မဖွင့်မီ မဲပေးရန်ရောက်နှင့်သူများကို ဖိတ်ခေါ်၊ မဲပုံးများဖွင့်ပြ၊ ခါပြ၊ မှောက်ပြ၊ သွန်ပြလုပ်သည်။ လူမြင်ကွင်း၌ မဲပုံးထားပေး သည်။ ညနေ မဲရုံပိတ်ချိန် နောက်ဆုံးဆန္ဒမဲလာပေးသူများကို ဖိတ်ခေါ်ကာ သူတို့ရှေ့တွင် မဲပုံးများဖွင့်၊ မဲများသွန်ချ၊ အားလုံးရှေ့ ရေတွက်၊ စာရင်းသွင်း၊ အိတ်သွတ်၊ ချိပ်ပိတ်ပြီး အထက် ကော်မရှင်သို့ အများရှေ့သွားပို့သည်။ ဆန္ဒခံယူပွဲကျင်းပရာ ပြည်နယ်၊ တိုင်းဒေသကြီးစုံသို့ ရန်ကုန်ရှိ နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂအဖွဲ့အစည်း ကိုယ်စားလှယ်ရုံးများမှ ပုဂ္ဂိုလ်များ ဖိတ်ခေါ်ပြသခဲ့သည်။ ဤမျှ လွတ်လပ်သန့်ရှင်းသော မဲပေး နည်းစနစ်မှာ ရှာမှရှားစနစ်ဖြစ်ကြောင်း သိသွားကြသည်။

ယခု ၂၀၁၀ ခုနှစ် နိုဝင်ဘာလ (၇)ရက် ရွေးကောက်ပွဲ ကိုလည်း တပ်မတော်အစိုးရလက်ထက် သမာသမတ် ကော်မရှင် က အခြေခံဥပဒေ၊ ရွေးကောက်ပွဲဥပဒေများနှင့်အညီ ကျင်းပ ပေးမည်ဖြစ်သည်။ လွတ်လပ်လျှို့ဝှက်စွာ မဲပေးခန်း၌ စိတ်ကြိုက် ရွေး မဲပေးနိုင်သည်။ လူမြင်ကွင်းမှ မဲပုံးအတွင်း ထည့်ခဲ့ရန် ဖြစ်သည်။ မဲပြားတွင် မိမိဘယ်သူ့ကိုထောက်ခံမဲပေးထားသည်ကို မဲရုံမှူးကအစ မည်သူမျှမမြင်အောင် နှစ်ခေါက်ခေါက်ပြီး ထည့်ခဲ့ရသည်။ မဲပုံးကို လူမြင်ကွင်း၌ထားသည်။ **မဲရုံဖွင့်စ မဲဆန္ဒရှင်များရှေ့ မဲပုံးဖွင့်ပြမည်၊ ခါပြမည်၊ အများယုံမှ မဲပုံး ပြန်ပိတ်ပြီး မဲထည့်စေမည်။ ညနေ ၄ နာရီ မဲရုံပိတ်လျှင် မဲရုံထဲ မှာပင် ရွေးကောက်ပွဲတွင်ပါဝင်ယှဉ်ပြိုင်သူများ (သို့မဟုတ်) ၎င်းတို့ ၏ ကိုယ်စားလှယ်များရှေ့ စိစစ်ရေတွက်မည်၊ ခွဲခြားစာရင်း ရေးသွင်းမည်၊ အိတ်သွတ်၊ လက်မှတ်ထိုး၊ ချိပ်ပိတ်မည်။ မဲပုံး အနီးသို့ မဲလာထည့်သော မဲဆန္ဒရှင်မှအပ မဆိုင်သူ ချဉ်းကပ် လာလျှင် အပြင်မှမြင်မည်။ မဲရုံလုံခြုံရေးတာဝန်ရှိသူများက တားဆီးမည်။ မဲရုံတွင်းရှိ ပါတီစုံကိုယ်စားလှယ်များက စောင့်ကြည့်ကန့်ကွက်နိုင်သည်။ မဲပြားအတုများ သွင်းမလာ နိုင်ရန် မဲပြားတိုင်းတွင် မဲရုံမှူးလက်မှတ်ပါမှ တရားဝင်အဖြစ် သတ်မှတ်ရေတွက်မည်။ မဲရုံအတွင်း၊ မဲရုံတစ်ဝိုက်(ကိုက် ၅၀၀) အတွင်း မဲကြို၊ မဲပို့၊ မဲဆွယ် မလုပ်ရန် ဥပဒေပြဋ္ဌာန်းဟန့်တားပြီး ဖြစ်သည်။**

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုးက (၁၈-၁၀-၂၀၁၀)ရက်နေ့က ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ သံတမန်များ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများကို နေပြည်တော်သို့ ဖိတ်ကြားကာ ရွေးကောက်ပွဲတရားမျှတ၊ လွတ်လပ်၍ ထင်သာမြင်သာအောင် စီစဉ်ထားမှုများ ရှင်းပြ သည်။ ရွေးကောက်ပွဲတွင် မဲပေးကြရမည့်အနေအထားကို လက်တွေ့သရုပ်ပြသည်။ ယနေ့ မြန်မာ့ရွေးကောက်ပွဲကို တရားမျှတပါ့မလား၊ တရားမျှတမည်မထင် စသည်ဖြင့် ပြည်တွင်းပြည်ပမှ နှောင့်နေသူများမှာ အဆိုးမြင်ဝါဒီသက်သက် များသာ ဖြစ်မည်။ အခြားနိုင်ငံများမှ ရွေးကောက်ပွဲ အကောင်း အဆိုး၊ အကြောင်းအကျိုးများ တင်ပြစရာ များစွာရှိပါသည်။ သူများနိုင်ငံက ကိစ္စဖြစ်၍ ကြားဝင်မပြောလိုပါ။ မြန်မာ့ ရွေးကောက်ပွဲ၏ စံတင်ဖွယ် မျှတလွတ်လပ်မှုကိုကား ဖိုးရေချမ်း က ရဲရဲကြီး အာမခံလိုက်ရပါသည်။ ။

✳ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ သံတမန်များ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများကို နေပြည်တော်သို့ ဖိတ်ကြားကာ ရွေးကောက်ပွဲတရားမျှတ၊ လွတ်လပ်၍ ထင်သာမြင်သာအောင် စီစဉ်ထားမှုများ ရှင်းပြ။

✳ ရွေးကောက်ပွဲတွင် မဲပေးကြရမည့်အနေအထားကို လက်တွေ့သရုပ်ပြ။

✳ ယနေ့ မြန်မာ့ရွေးကောက်ပွဲကို တရားမျှတပါ့မလား၊ တရားမျှတမည်မထင် စသည်ဖြင့် ပြည်တွင်းပြည်ပမှ နှောင့်နေသူများမှာ အဆိုးမြင်ဝါဒီသက်သက်များသာဖြစ်။

✳ အခြားနိုင်ငံများမှ ရွေးကောက်ပွဲ အကောင်းအဆိုး၊ အကြောင်းအကျိုးများ တင်ပြစရာများစွာရှိ။

✳ သူများနိုင်ငံက ကိစ္စဖြစ်၍ ကြားဝင်မပြောလို။ မြန်မာ့ရွေးကောက်ပွဲ၏ စံတင်ဖွယ် မျှတလွတ်လပ်မှုကိုကား ဖိုးရေချမ်းက ရဲရဲကြီး အာမခံ။

❒ စာမျက်နှာ ၇ မှ

ပွဲကြည့်ပရိသတ် ၃၀၀၀၀ အထိ ဝင်ဆံ့မည်ဖြစ်သည်။ ဘောလုံးကွင်း အကျယ် ၂၉၄၂၇ စတုရန်းမီတာ၊ ဘောလုံးကွင်းနှင့် ပြေးလမ်းအကျယ် ၁၆၂၆၅ စတုရန်းမီတာ၊ အဆောက်အအုံအမြင့် ၂၃ ဒသမ ၅ မီတာရှိမည် ဖြစ်သည်။

နိုင်ငံတကာအဆင့်မီ ဘောလုံးကွင်း၏ မြေညီထပ်တွင် ပြခန်း၊ ရုံးခန်း၊ အစည်းအဝေးခန်း၊ ဆေးခန်း၊ အဝတ်လဲခန်း၊ အထူးဧည့်သည်များအခန်း၊ စားသောက်ခန်း၊ မီဒီယာခန်း၊ ရေချိုးခန်း၊ အရောင်းဆိုင်ခန်းများ၊ လေ့ကျင့်ရေးအခန်း၊ စာကြည့်တိုက်၊ ဒိုင်လူကြီးများနှင့် နည်းပြများရုံးခန်းတို့ ပါဝင်မည်ဖြစ်သည်။

ပထမထပ်တွင် ရုံးခန်းများ၊ အစည်းအဝေးခန်းများ၊ နည်းပြအခန်းများ၊ ရေချိုးခန်းနှင့် သန့်စင်ခန်းများ ပါဝင်မည်ဖြစ်သည်။

ဒုတိယထပ်တွင် CCTV ခန်း၊ ထိန်းချုပ်ခန်း၊ အထူးဧည့်သည်များအခန်း၊ စားသောက်ခန်း၊ TVခန်း၊ ရေဒီယိုခန်းနှင့် အလင်းအသံထိန်းချုပ်ခန်းတို့ ပါဝင်မည်ဖြစ်သည်။

အဆိုပါ အမျိုးသားအားကစားဥယျာဉ်စီမံကိန်း(မန္တလေး)တွင် နိုင်ငံတကာအဆင့်မီဘောလုံးကွင်း၊ ဘောလုံးအကယ်ဒမီသင်တန်းကျောင်း၊ တင်းနစ်ကွင်းများ၊ သေနတ်ပစ်ကွင်း၊ ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ကွင်း၊ ရေကူးကန်၊ စက်ဘီးပြိုင်ကွင်း၊ မြားပစ်ကွင်း၊ အလေးမအားကစားရုံ၊ ပိုက်ကျော်ခြင်းအားကစားရုံနှင့် ဘိုးလင်းအားကစားရုံတို့ကို ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်သည်။

အမျိုးသားအားကစားအဆင့်အတန်းတိုးတက်ရေးအတွက် လည်းကောင်း၊ မြန်မာနိုင်ငံ၏ တိုးတက်များပြားလာသည့် လူဦးရေအရလည်းကောင်း၊ နောင်အနာဂတ်တွင် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသာမက အာရှအားကစားပြိုင်ပွဲများကိုပါ လက်ခံကျင်းပနိုင်ရန် ယခုကဲ့သို့ အမျိုးသား အားကစားဥယျာဉ်(မန္တလေး)ကို အကောင်အထည်ဖော်တည်ဆောက်ခြင်းဖြစ်သည်။

မန္တလေးမြို့တွင် ယခုလက်ရှိ ဗထူးဘောလုံးကွင်းနှင့် အောင်မြေမန္တလာဘောလုံးကွင်း နှစ်ကွင်း ရှိသော်လည်း အဆိုပါ ဘောလုံးကွင်းများ၌ ပြည်တွင်းဘောလုံးပြိုင်ပွဲများတွင်ပင် ပွဲကြည့်ပရိသတ်အတွက် လုံလောက်မှုမရှိကြောင်း သိရှိရသည်။

ယခုတည်ဆောက်မည့် အမျိုးသားအားကစားဥယျာဉ်စီမံကိန်း (မန္တလေး)တွင် ပါရှိသည့် ဘောလုံးကွင်းကို တည်ဆောက်ပြီးစီးသွားပါက ပြည်တွင်းပြိုင်ပွဲများအတွက်ပါ အဆင်ပြေစွာကျင်းပသွားနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)



စီမံကိန်းတွင် ပါဝင်သည့် နိုင်ငံတကာအဆင့်မီ ဘောလုံးကွင်းပုံစံကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတကာအဆင့်မီ ဘောလုံးကွင်း၏ မြေညီထပ်တွင် ပြခန်း၊ ရုံးခန်း၊ အစည်းအဝေးခန်း၊ ဆေးခန်း၊ အဝတ်လဲခန်း၊ အထူးဧည့်သည်များအခန်း၊ စားသောက်ခန်း၊ မီဒီယာခန်း၊ ရေချိုးခန်း၊ အရောင်းဆိုင်ခန်းများ၊ လေ့ကျင့်ရေးအခန်း၊ စာကြည့်တိုက်၊ ဒိုင်လူကြီးများနှင့် နည်းပြများရုံးခန်းတို့ ပါဝင်မည်ဖြစ်။

စီမံကိန်းတွင် ပါဝင်သည့် နိုင်ငံတကာအဆင့်မီ ဘိုးလင်းအားကစားရုံကို တွေ့ရစဉ်။ (အပေါ်ပုံနှင့် အောက်ဝဲပုံ) (သတင်းစဉ်)

ဘင်္ဂလားပင်လယ်အော်ရှိ မုန်တိုင်းငယ် အိန္ဒိယနိုင်ငံ ပင်လယ်ပြင်ကို ဗဟိုပြုနေ မြန်မာနိုင်ငံဘက် ရွေ့လျားမည့် အခြေအနေမရှိ

နေပြည်တော် နိုဝင်ဘာ ၅

ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ ချင်းနိုင် (Chennai) မြို့၏ အရှေ့တောင်ဘက် မိုင် ၅၃၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ မုန်တိုင်းငယ်သည် ပိုမိုအားကောင်းလာနိုင်ပြီး အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်သာရှိပြီး မြန်မာနိုင်ငံဘက်ဆီသို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိဟု သတ်မှတ်သည်။

မုန်တိုင်းငယ်၏ အရှိန်ကြောင့် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

မဲပေးရာတွင် လိုက်နာဆောင်ရွက်သင့်သော အချက်များ

၁။ အချိန်မီ မြန်ဆန်စွာ မဲပေးနိုင်ရေး ကိုယ်စီ မိမိ၏ မဲစာရင်းအမှတ်ကို ကြိုတင်သိရှိထားနိုင်အောင် ဆောင်ရွက်ပါ။

၂။ မဲပေးရာတွင် မိမိ၏ မဲစာရင်းအမှတ်ကို မဲစာရင်းစစ်ဆေးသူထံ ပြောပြနိုင်ခြင်းအားဖြင့် ပိုမိုလျင်မြန်စေနိုင်သည်။

၃။ မိမိ၏ မဲလက်မှတ်ပေါ်တွင် မိမိဆန္ဒပြု မဲပေးလိုသော ကိုယ်စားလှယ်နှင့် တံဆိပ်သင်္ကေတဘေးရှိ လေးထောင့်ကွက်အတွင်း၌ အမှန်ခြစ် ခြစ်ပါ။

၄။ မိမိ၏ မဲလက်မှတ်ပေါ်တွင် မိမိခြစ်လိုသော အမှန်ခြစ်မှအပ အခြားရေးသားမှု တစ်စုံတစ်ရာ မပြုလုပ်ရပါ။

၅။ မိမိ၏ မဲလက်မှတ်ပေါ်တွင် ဆန္ဒပြုရာတွင် အမှန်(သို့မဟုတ်) အမှားဟု ခွဲခြားဆုံးဖြတ်နိုင်ခြင်းမရှိသော သင်္ကေတမျိုးအား မရေးခြစ်ရပါ။

၆။ မဲလက်မှတ်ကို မစုတ်ပြဲစေရပါ။

၇။ ထိုသို့ ဆန္ဒပြုပြီးသော မဲလက်မှတ်အား ခေါက်ချိုးချိုး၍ သက်ဆိုင်ရာမဲပုံးတွင် ထည့်ပါ။

မဲပေးရာတွင် ‘ပယ်မဲ’ မဖြစ်စေရေး သတိပြုရန် အချက်များ

သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေ ၆၆(ဂ)တွင် အောက်ပါဆန္ဒမဲ လက်မှတ်မျိုးကို ပယ်ရမည်ဟု ပြဋ္ဌာန်းဖော်ပြထားသည်-

(၁) ကော်မရှင်က အတည်ပြုထားသော အမှတ်အသားမပါသည့် ဆန္ဒမဲလက်မှတ်၊

(၂) မဲရုံမှူးလက်မှတ်မပါသည့် ဆန္ဒမဲလက်မှတ်၊

(၃) လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ ဆန္ဒပြုထားသည့် ဆန္ဒမဲလက်မှတ်၊

(၄) ဆန္ဒပြုထားခြင်းမရှိသော ဆန္ဒမဲလက်မှတ်၊

(၅) ဆန္ဒပြုထားခြင်းမှာ မသေချာ မထင်ရှားသော ဆန္ဒမဲလက်မှတ်၊

(၆) ဆန္ဒမဲလက်မှတ် အတုဖြစ်သည်ဟု မဲရုံမှူးက ဆုံးဖြတ်သည့် ဆန္ဒမဲလက်မှတ်၊

(၇) ဆန္ဒမဲပေးသူကို သိရှိနိုင်အောင် အမှတ်အသားပြုထားသည့် ဆန္ဒမဲလက်မှတ်၊

(၈) ဆုတ်ဖြဲထားသည့် ဆန္ဒမဲလက်မှတ်။

ပယ်မဲဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများ ရှင်းလင်းလွယ်ကူစွာ နားလည်သဘောပေါက်စေရန် ရှင်းလင်းရလျှင်-

(၁) မဲဆန္ဒရှင်သည် ဆန္ဒမဲလက်မှတ်ပေါ်ရှိ မိမိဆန္ဒပြုလိုသော လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးတည်း၏ အမည်နှင့် သင်္ကေတအမှတ်အသားတည့်တည့်တွင်ရှိသော လေးထောင့်ကွက်အတွင်း၌သာ အမှန်(✔) အမှတ်အသားကို ရေးခြစ်၍ ဆန္ဒပြုရမည်။

(၂) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးထက်ပို၍ ယင်းတို့၏ အမည်၊ သင်္ကေတတို့ဘေးရှိ လေးထောင့်ကွက်များတွင် အမှန်(✔) အမှတ်အသားများကိုဖြစ်စေ၊ အမှား(✘) အမှတ်အသားများကိုဖြစ်စေ ရေးခြစ်ထားပါက **“ပယ်မဲ”** အဖြစ် သတ်မှတ်မည်။

(၃) လုံးဝဆန္ဒပြုထားခြင်းမရှိလျှင်လည်း **“ပယ်မဲ”** အဖြစ် သတ်မှတ်မည်။

(၄) ဆန္ဒပြုရာတွင် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးတည်းကိုသာ ဆန္ဒပြုထားခြင်းဖြစ်သော်လည်း အမှန်(✔) သို့မဟုတ် အမှား(✘)ဟု ခွဲခြားဆုံးဖြတ်နိုင်ခြင်းမရှိသည့် ဆန္ဒမဲလက်မှတ်ကိုလည်း **“ပယ်မဲ”** အဖြစ် သတ်မှတ်မည်။

(၅) သို့ရာတွင် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးတည်းကိုသာ ဆန္ဒပြုထားခြင်းဖြစ်ပြီး မဲဆန္ဒရှင် ရေးခြစ်ထားသည့် အမှန်(✔) အမှတ်အသားမှာ အမှန်ခြစ်(✔) ခြစ်ကြောင်း သိသာထင်ရှားပါက သတ်မှတ်ထားသည့် လေးထောင့်ကွက်အတွင်း ဝင်သည်ဖြစ်စေ၊ ဘောင်ကိုကျော်လွန်၍ ရေးခြစ်သည်ဖြစ်စေ၊ အတည့်ခြစ်သည်ဖြစ်စေ၊ ဘေးတိုက်ခြစ်သည်ဖြစ်စေ၊ အမှန်(✔)အမှတ်အသား၌ အကောက်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ မဲဆန္ဒရှင်၏ ဆန္ဒအမှန်ဖြစ်သည်ဟု မှတ်ယူပြီး ခိုင်လုံသည့် ဆန္ဒမဲအဖြစ် သတ်မှတ်နိုင်သည်။

ဆန္ဒမဲခိုင်လုံသည်၊ မခိုင်လုံသည်ကို မဲရုံမှူးက ဆုံးဖြတ်မည်ဖြစ်ပြီး မဲရုံမှူးက ပယ်သည့် ဆန္ဒမဲလက်မှတ်များကို လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ယင်းတို့၏ ရွေးကောက်ပွဲ ကိုယ်စားလှယ်များ၊ မဲရုံကိုယ်စားလှယ်များအား ကြည့်ရှုရန် အခွင့်အရေးပေးမည်၊ ပယ်သည့် အကြောင်းကိုလည်း သတ်မှတ်ပုံစံဖြင့် မှတ်တမ်းတင်ထားမည်ဖြစ်ပါသည်။

နေပြည်တော် ပထမဆုံးအကြိမ် မိုင် ၃၉၀ ခရီးရှည် အမျိုးသား၊ အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၅

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် အားကစားဝန်ကြီးဌာနတို့၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်က ကြီးမှူး၍ နေပြည်တော် ပထမဆုံးအကြိမ် နေပြည်တော်-မန္တလေး-နေပြည်တော် မိုင် ၃၉၀ ခရီးရှည် အမျိုးသား၊ အမျိုးသမီး စက်ဘီးစီး ပြိုင်ပွဲကို နိုဝင်ဘာ ၂၇ ရက်မှ ၃၀ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

နေပြည်တော် ပထမဆုံးအကြိမ် မိုင် ၃၉၀ ခရီးရှည် စက်ဘီးစီးပြိုင်ပွဲ၏ သတ်မှတ်ထားသော ခရီးစဉ်အရ နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမရှေ့မှ စတင်တာထွက်ပြီး မိတ္ထီလာအထိ မိုင် ၁၀၀ အမျိုးသားပြိုင်ပွဲနှင့် ယင်းနေ့တွင်ပင် ပျော်ဘွယ်မှ မိတ္ထီလာအထိ ၂၆ မိုင် အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲများကို ကျင်းပမည်ဖြစ်သည်။

နိုဝင်ဘာ၂၈ ရက် နံနက်ပိုင်းတွင် မိတ္ထီလာမှ မန္တလေးအထိ ၉၅ မိုင် အမျိုးသားစက်ဘီးစီးပြိုင်ပွဲနှင့် ယင်းနေ့တွင်ပင် ကျောက်ဆည်မှ မန္တလေးအထိ မိုင် ၃၀ အမျိုးသမီးစက်ဘီးစီး ပြိုင်ပွဲများကို ဆက်လက်ကျင်းပမည်ဖြစ်သည်။

နိုဝင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင် မန္တလေးမှ မိတ္ထီလာအထိ ၉၅ မိုင် အမျိုးသားစက်ဘီးစီးပြိုင်ပွဲနှင့် ယင်းနေ့တွင်ပင် ဝမ်းတွင်းမှ မိတ္ထီလာအထိ မိုင် ၂၀ အမျိုးသမီးစက်ဘီးစီး ပြိုင်ပွဲများကို ဆက်လက်ကျင်းပမည် ဖြစ်သည်။

နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် မိတ္ထီလာမှ နေပြည်တော် မြို့တော်ခန်းမရှေ့အထိ မိုင် ၁၀၀ အမျိုးသား စက်ဘီးစီးပြိုင်ပွဲနှင့် ယင်းနေ့တွင်ပင် နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ်မှ နေပြည်တော် မြို့တော်ခန်းမရှေ့အထိ မိုင် ၃၀ အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲများကို ဆက်လက်ကျင်းပမည် ဖြစ်သည်။

အဆိုပါပြိုင်ပွဲ၏ သတ်မှတ်ထားသော ခရီးစဉ် အပိုင်းလိုက်ကို စံချိန်များသတ်မှတ်ထားပြီး ပြိုင်ပွဲဝင် အားကစား မောင်မယ်များ၏ စံချိန်အလိုက် ဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၆ ခုမှ မျိုးဆက်သစ် စက်ဘီးစီးအားကစားမောင်မယ်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး စက်ဘီးစီးလက်ရွေးစင်များ၊ မြန်မာ့လက်ရွေးစင်များနှင့် စက်ဘီးစီး အားကစားဝါသနာရှင်များ မည်သူမဆို ပါဝင်ယှဉ်ပြိုင်ခွင့်ပြုထားသည်။

အဆိုပါခရီးရှည် စက်ဘီးစီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများသည် နိုဝင်ဘာ ၂၅ ရက်နောက်ဆုံးထား၍ ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေး စခန်းဝင်း(သုဝဏ္ဏ)ရှိ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် ဖုန်း-၀၁-၇၃၀၅၆၇၁၀ နှင့် ၀၁-၅၆၁၃၃၆၊ မန္တလေးအားကစားနှင့် ကာယပညာဦးစီးဌာန ဖုန်း - ၀၂-၃၃၆၁၉၊ မိတ္ထီလာခရိုင် အားကစားနှင့်ကာယပညာဦးစီးဌာန ဖုန်း - ၀၆၄-၂၃၂၁၁နှင့် နေပြည်တော် ပေါင်းလောင်းအားကစားကွင်း ဖုန်း-၀၆၇-၂၂၀၈၀နှင့် ၀၆၇-၂၂၀၈၂ တို့သို့ အမည်စာရင်းများပေးသွင်းကြပြီး ပြိုင်ပွဲနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အရှေ့ပိုင်းဒေသများ ညအပူချိန်လျော့နိုင်

နေပြည်တော် နိုဝင်ဘာ ၅

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **ညအပူချိန်များမှာ** ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ကယားပြည်နယ်တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၆ ဒီဂရီစင်တီဂရိတ်အထိလျော့နည်းခဲ့ပြီး ကချင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** နမ့်စန်မြို့တွင် ၆ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့တွင် ၇ ဒီဂရီစင်တီဂရိတ်နှင့် ဟားခါးမြို့တွင် ၈ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ကော့သောင်းမြို့တွင် သုည ဒသမ ၁၂ လက်မနှင့် ထီးလင်းမြို့တွင် သုည ဒသမ ၁၀ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ယနေ့မြန်မာစံတော်ချိန် ၁၂နာရီခွဲ အချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အနောက်ဘက်သို့ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့ (Chennai)၏ အရှေ့တောင်ဘက် မိုင် ၅၄၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ မုန်တိုင်းငယ်သည် ပိုမိုအားကောင်းလာနိုင်ပြီး အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

နိုဝင်ဘာ ၆ ရက် ညနေထိခန့်မှန်းချက်။ ။ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၆-၁၁-၂၀၁၀(စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၂၀ ၃။ ဓမ္မပူဇာတေး
၇း၂၅ ၄။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၅။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၆။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၇။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၈။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ မြဝတီအဖွင့်
၁၁း၀၅ ၂။ အဖွင့်သီချင်း
၁၁း၁၀ ၃။ နိုင်ငံတော်သီချင်း
၁၁း၂၀ ၄။ အမျိုးသားရေးတေးကဗျာ
၁၁း၃၀ ၅။ ကာတွန်းအစီအစဉ် - အမြှာစုံထောက် အပိုင်း(၅၃)
၁၂း၀၀ ၆။ **ရုပ်မြင်သံကြားဇာတ်လမ်း -အမှတ်တရအလွဲများ လွင်မိုး၊ ခိုင်သင်းကြည် (ဒါရိုက်တာ မောင်သီ)**
၁း၃၀ ၇။ အမျိုးသားရေးတေးကဗျာ
၂း၀၀ ၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်လေးပြယ်ပါစေ (အပိုင်း-၁၂)**
၂း၅၅ ၉။ အပိတ်နှုတ်ဆက်စကား
၃း၀၀ ၁၀။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ နိုင်ငံတော်သီချင်း
၄း၁၅ ၄။ အမျိုးသားရေးတေးကဗျာ
၅း၀၀ ၅။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၅း၂၀ ၆။ အမျိုးသားရေးတေးကဗျာ
၅း၄၀ ၇။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၉။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၀။ စားဖိုဆောင်ချစ်သူ
၇း၀၀ ၁၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -စိမ်းရောင်ခြယ် လှည်းကလေး(အပိုင်း-၆၆) (ဇာတ်သိမ်း)**
၈း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၁၃။ အမျိုးသားရေးတေးကဗျာ
၁၄။ နိုင်ငံရေးပါတီများဟောပြောချက်
၁၅။ ဘယ်လိုမဲပေးကြမှာလဲ
၁၆။ ဒီမိုမွေးနေ့
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ လူရွှင်တော်စကား
၂၀။ အင်္ဂလိပ်စာသုတ
၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ကျွန်းအလှနှင့်ဘဝကဗျာ အပိုင်း(၂)**
၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လင်းရောင်စဉ်အတွက် ပုံရိပ်များ (အပိုင်း-၃၉)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

သောင်းကျန်းသူများထောင်ထားသည့်မိုင်းတစ်လုံး နင်းမိပေါက်ကွဲသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် နိုဝင်ဘာ ၅

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကျောက်ကြီးပေါက်ရွာနေ မောင်ဇော်မင်းထွန်းသည် အောက်တိုဘာ ၃၁ ရက်တွင် အဖော်များနှင့်အတူ သစ်ခုတ်သွားစဉ် ညနေ ၃ နာရီခွဲခန့်တွင် ယောက်သဝချောင်းအနီး၌ သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံး နင်းမိပေါက်ကွဲသဖြင့် ယာဒူးအောက်မှပြတ်သည့်ဒဏ်ရာရရှိပြီး ထန်းတပင်ပြည်သူ့ဆေးရုံမှတစ်ဆင့် တောင်ငူပြည်သူ့ဆေးရုံသို့ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီစောင့်ရှောက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

- ❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- ❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- ❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

အမျိုးသားအားကစားဥယျာဉ်စီမံကိန်း(မန္တလေး)၌ နိုင်ငံတကာအဆင့်မီဘောလုံးကွင်း တည်ဆောက်မည် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသာမက အာရှအားကစားပြိုင်ပွဲများကိုပါ အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရေး မျှော်မှန်း

စီမံကိန်းနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၁)သီဟသူရဦးတင်အောင်မြင့်ဦး ဆွေးနွေးမှာကြား

နေပြည်တော် နိုဝင်ဘာ ၅

မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးသည် ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ အမျိုးသားအားကစားဥယျာဉ်စီမံကိန်း(မန္တလေး)၌ နိုင်ငံတကာအဆင့်မီ ဘောလုံးကွင်း တည်ဆောက်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။ စာမျက်နှာ ၆ ကော်လံ ၁ သို့❖

မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး နိုင်ငံတကာအဆင့်မီ ဘောလုံးကွင်းပုံစံကို ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားစဉ်။ (သတင်းစဉ်)

- ❑ ဖိုးရေချမ်း၏ “မြန်မာတို့၏ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ” (ဆောင်းပါး) စာမျက်နှာ - ၈၉
- ❑ လူငြိမ်းသစ်၏ “ပြည်ထောင်စု၏ ရှေ့ခရီး” (ကဗျာ) စာမျက်နှာ - ၈
- ❑ ကာတွန်းလွမ်းမောင် သုဝဏ္ဏ၏ “တိုင်းပြည်အတွက် တကယ်လုပ်မယ့်သူကိုပဲ ပေးမှာပါ” (ကာတွန်း) စာမျက်နှာ - ၉